# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 4 May 2022 ၁၀၇၂၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျွန်းစုမြို့နယ်ရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ငါး၊ ပုစွန်(တန် ၁၀၀၀) အအေးခန်းစက်ရုံသို့ သွားရောက်ကြည့်ရှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကျွန်းစုမြို့နယ်ရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ငါး၊ ပုစွန်(တန် ၁၀၀၀) အအေးခန်းစက်ရုံတွင် ခင်းကျင်းပြထားသည့် ငါး၊ ပုစွန်များ ထုပ်ပိုးထားမှုအဆင့်ဆင့်ကို ကြည့်ရှုကြစဉ်။

**နေပြည်တော် မေ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိ သူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကျွန်းစုမြို့နယ်ရှိ ပြည့်ဖြိုးထွန်း အင်တာ နေရှင်နယ် ကုမ္ပဏီလီမိတက် ငါး၊ ပုစွန် တန်(၁၀၀၀) အအေးခန်းစက်ရုံကို သွားရောက်ကြည့်ရှုသည်။

**ခင်းကျင်းပြထား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စက်ရုံ သို့ရောက်ရှိကြပြီး ခင်းကျင်းပြထားသည့်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


**ယနေ့** ဖတ်စရာ




**ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် နေကြာသီးနှံစိုက်ပျိုးရာတွင် သတိပြု ဖွယ်ရာများ**

စာမျက်နှာ » ၆

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

စာမျက်နှာ » ၁၈

ကြေးမုံ

# နိုင်ငံတော်အကျိုး အစွမ်းကုန်ကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူများကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် ပေါ်ပေါက်ခဲ့သည့် မဲမသမာမှုနှင့်ပတ်သက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ လုပ်ဆောင်လျက်ရှိသည်။

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်လျက်ရှိပြီး ထာဝရငြိမ်းချမ်းရေးကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးစကားဝိုင်းသို့ဖိတ်ခေါ်၍ တွေ့ဆုံဆွေးနွေးနိုင်ရေး စီစဉ်လျက်ရှိသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးပါဝင်လာရေး ကတိကဝတ်ပါအတိုင်း တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ခေတ္တတာဝန်ယူထားရသည့် ကာလအတွင်း နိုင်ငံတော်ကို တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် နိုင်ငံတော်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး အမျိုးသားရေးရည်မှန်းချက်နှစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ရာ၌ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားများကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်တွင် CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် သံဃာတော်များနှင့် ဆရာ ဆရာမများ၊ ဆရာဝန်နှင့် သူနာပြုများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ စသည့် ပြည်သူ့ဝန်ထမ်းများ၊ မိခင်နှင့်ကလေးများအပါအဝင် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ရပြီး အများအပြား ဒဏ်ရာများရရှိခဲ့ကြသည်။ ထို့အပြင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများကြောင့် အစိုးရပိုင်အဆောက်အအုံများ၊ ပုဂ္ဂလိကနှင့် ပြည်သူပိုင် အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

အကြမ်းဖက်အဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကို တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးကာကွယ်ထိန်းသိမ်းလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ အချို့ကျေးလက်ဒေသများတွင် အကြမ်းဖက်သမားများ၏ ဖျက်ဆီးသတ်ဖြတ်မှုများဖြစ်ပေါ်လျက်ရှိရာ အကြမ်းဖက်လုပ်ရပ်များအပေါ် မိမိကိုယ်ကိုခုခံ ကာကွယ်ပိုင်ခွင့်အရ ပြည်သူ့စစ်မဟာဗျူဟာဖြင့် တုံ့ပြန်ဆောင်ရွက်ရေးကို အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာဆက်ဆံရေးတွင် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံ ဘုံသဘောတူညီချက်(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အာဆီယံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ ထပ်မံလာရောက်နိုင်ရေးကိုလည်း ကြိုဆိုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်လာခြင်းသည် အကြောင်းမဲ့သက်သက်ဖြစ်လာခြင်းမဟုတ်ပေ။ ဒီမိုကရေစီလမ်းကြောင်းကို သွေဖည်ပြီး ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်ကာ အာဏာရရှိရေးကို အစမ္မကြိုးပမ်းလာသည့်အတွက် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံ့တာဝန်ယူခဲ့သော်လည်း ပြည်သူများဆန္ဒ၊ ပြည်သူများ လိုလားချက်ကို မျက်ခြည်အပြတ်မခံဘဲ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်မှန်ကန်ခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

မိသားစုတွင်ဖြစ်စေ၊ အသိုက်အဝန်းတစ်ခုတွင်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံတွင်ဖြစ်စေ ဥပဒေ၊ စည်းကမ်းများကို ချိုးဖောက်လာလျှင် ထိန်းသိမ်းဆောင်ရွက်ရမြဲဖြစ်သည်။ ဥပဒေစည်းကမ်းဖောက်ဖျက် ဖျက်ဆီးနေမှုများကို လက်ပိုက်ကြည့်နေပါက ထိုအသိုက်အမြုံသည် ပျက်စီးခြင်းသို့သာ ဆိုက်ရောက်ရသည်ကို တွေ့ရမည်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူအကျိုးစီးပွားအတွက် မဖြစ်မနေဆောင်ရွက်သွားမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို တည့်မတ်မှန်ကန်ခိုင်မာအောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ဒီမိုကရေစီစနစ်ကို လိုလားသည်ဆိုပါက အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေသဖြင့် ပြည်သူအားလုံး လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းလက်တွဲကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

## ဓမ္မာစရိယစာမေးပွဲ တတိယနေ့ကျင်းပ

နေပြည်တော် မေ ၃

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (တတိယနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတို့၌ စာဖြေသံဃာတော်နှင့်သီလရှင်များ စာရင်းသွင်း ၁၂၅၅၁ ပါးအနက် ၉၆၀၈ ပါး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၅၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း



နေပြည်တော် မေ ၃

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ ရှေးဟောင်းမင်းကျောင်းပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ရှိ အနောမာရုံကွင်းကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ အေးစေတီကျောင်းတိုက်နှင့် မြေပုံမြို့နယ်ရှိ ပညာဗိမာန်ကျောင်းတိုက်တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ် လင်းခေးမြို့နယ်ရှိ နားကုန်းကျေးရွာပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ တိုက်သစ်ပဋ္ဌာနတာရုံ ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်များ သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၃ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၇၀၀ | ၇,၇၀၀ | ၂၆၈ | ၂,၀၆၃,၆၀၀ |
| MTSH | ၂,၆၀၀ | ၂,၆၅၀ | ၂,၅၈၀ | ၆,၇၃၇,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁,၆၁၁ | ၂၈,၉၉၈,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၆၅၀ | ၂,၅၀၀ | ၉ | ၂၃,၁၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၅၀ | ၂၄၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၄၄.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၉၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၆၅၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၉၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၁၅၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၁၄.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၅.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၁.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၀၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

GAqP (Good Aquaculture Practices) လုပ်ငန်းစဉ်အတိုင်း ထုတ်လုပ်ထားသည့် ငါး၊ ပုစွန်များ ထုပ်ပိုးထားမှုအဆင့်ဆင့်ကို ကြည့်ရှုကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စက်ရုံညွှန်ကြားရေးမှူး စက်ရုံအုပ်ချုပ်မှု ဒါရိုက်တာဦးလှသန်းက ကုမ္ပဏီမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ခေတ်မီရေခဲ ပုစွန်များ မွေးမြူထားရှိမှု၊ အအေးခန်း စက်ရုံကုန်ပစ္စည်းများထုတ်လုပ်မှု အဆင့်ဆင့်များကိုလည်းကောင်း၊ မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးစိုးဝင်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မြိတ်မြို့ နိုင်ငံတကာ အဆင့်မီ ပထမဆုံးသော အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်းကိုလည်းကောင်း ပါဝါပွိုင့်များဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များကို မေးမြန်းပြီး လုပ်ငန်းလိုချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော ကိုယ်ထူကိုယ်ထ သဘော်လွန်းကျင်း လုပ်ငန်းခွင်၊ ငါး၊ ပုစွန်များ မွေးမြူထားရှိသည့် ကန်များကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြသည်။

အဆိုပါ (တန် ၁၀၀၀) အအေးခန်း စက်ရုံသည် မြိတ်မြို့အနီး ပထော်-ပထက်ကျွန်း၌ ရေထွက်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန်၊ ရရှိလာသည့် ရေထွက်ကုန်ကြမ်းပစ္စည်းများ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရန်၊ နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေရရှိမှု ပိုမိုတိုးတက်လာစေရန်၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာစေရန်၊ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတော်သို့အခွန်ငွေများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပေးသွင်းထမ်းဆောင်နိုင်စေရန်၊ ဒေသခံတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်လာစေပြီး လုံခြုံစိတ်ချသော လူမှုဘဝကို ပိုင်ဆိုင်နိုင်စေရန် စသည့်ရည်ရွယ်ချက်များနှင့်အညီ ၁၉၉၈ ခုနှစ်မှ စတင်ဆောက်လုပ်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ရေထွက်ပစ္စည်းများကို အရည်အသွေး၊ အရွယ်အစား ရွေးချယ်စစ်ဆေးခြင်း၊ ဝယ်ယူပြီး ဆေးကြောသန့်စင်ခြင်း၊ စနစ်တကျထုပ်ပိုးခြင်း၊ အေးခဲတုံးများပြုလုပ်ခြင်း၊ အအေးခန်းများအတွင်း သိုလှောင်ခြင်းများကို အဆင့်ဆင့်ပြုလုပ်ရောင်းချလျက်ရှိသည့်အပြင် မြိတ်ဒေသတစ်ခုလုံးရှိ ငါးဖမ်းစက်လှေ ၁၈၀၀ နီးပါးတို့၏ ဖမ်းဆီးရမိ ငါး/ပုစွန်များကိုလည်း ဝယ်ယူပေးလျက်ရှိကြောင်း၊ ဂျပန်၊ အမေရိကန်၊ ဟောင်ကောင်၊ တရုတ်၊ မလေးရှား၊ ဗီယက်နမ်၊ ထိုင်း စသော ပြည်ပနိုင်ငံများသို့လည်း အမှာစာများအတိုင်း GAqP လုပ်ငန်းစဉ်နှင့်အညီ သတ်မှတ်စံချိန်စံညွှန်းအတိုင်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ နှစ်စဉ် ရေခဲငါးမျိုးစုံ တန် ၁၀၀၀ ခန့်၊ ပုစွန် တန် ၆၀၀ ခန့်၊ ကဏန်းပျော့တန် ၂၉၀ ခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာ သတ်မှတ်အခွန်နှုန်းထားများအတိုင်း ပေးသွင်းလျက်ရှိသည့် နိုင်ငံ့အခွန်ထမ်း ကုမ္ပဏီတစ်ခုဖြစ်ကြောင်းလည်း သိရှိရသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ပထက်တောင် အတုလရံသီ ရွှေသာလျောင်းဘုရားကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပထက်တောင် အတုလရံသီ ရွှေသာလျောင်းဘုရားကြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဘုရားကြီး၏ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်စဉ်။

☆ **ဂျပန်၊ အမေရိကန်၊ ဟောင်ကောင်၊ တရုတ်၊ မလေးရှား၊ ဗီယက်နမ်၊ ထိုင်း စသော ပြည်ပနိုင်ငံများသို့လည်း အမှာစာများအတိုင်း GAqP လုပ်ငန်းစဉ်နှင့်အညီ သတ်မှတ်စံချိန်စံညွှန်းအတိုင်း တင်ပို့ရောင်းချလျက်ရှိ**

☆ **နှစ်စဉ် ရေခဲငါးမျိုးစုံ တန် ၁၀၀၀ ခန့်၊ ပုစွန် တန် ၆၀၀ ခန့်၊ ကဏန်းပျော့တန် ၂၉၀ ခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာ သတ်မှတ်အခွန်နှုန်းထားများအတိုင်း ပေးသွင်းလျက်ရှိ**

**ဖူးမြော်ကြည်ညို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ပထက်တောင် အတုလရံသီ ရွှေသာလျောင်းဘုရားကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဘုရားကြီး၏ ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဘုရားကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ငါး၊ ပုစွန်(တန် ၁၀၀၀) အအေးခန်းစက်ရုံ ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပလောက်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တပ်မတော်၏ အသက်ခန္ဓာသည် စစ်စည်းကမ်းဖြစ်သည့်အပြင် လုံခြုံရေးအသိ အမြဲရှိရန်လိုအပ်သဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ ကျိုးပေါက်မှုမရှိစေရန်လို

**နေပြည်တော် မေ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ယနေ့တွင် မြိတ်တပ်နယ်၊ ပလောက်တပ်နယ်နှင့် ဟိန်းဇဲတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ သင်တန်းသား စစ်သည်များအား သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က အမှာစကားပြောကြားရာတွင် တပ်မတော်၏ အသက်ခန္ဓာသည် စစ်စည်းကမ်းဖြစ်သည့်အပြင် လုံခြုံရေးအသိ အမြဲရှိရန်လိုအပ်သဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ ကျိုးပေါက်မှုမရှိစေရန်လိုကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်သည် နိုင်ငံတော်အတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေရသဖြင့် အဆင့်အတန်းအားလုံးသည် မိမိ၏တာဝန်၊ ဝတ္တရားများကို သိရှိကြပြီး ကိုယ်စီလုပ်ငန်း တာဝန်များအပေါ် အလေးအနက်ထား ကျေပွန်အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အသိမှန်မှ အလုပ်မှန်ပြီး အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ယုံကြည်မှုဖြင့် ပိုင်နိုင်ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်မှာ လေ့ကျင့်ရေးသည် အရေးကြီးကြောင်း။

လေ့ကျင့်မှုပိုင်နိုင်မှသာ ယုံကြည်မှုရပြီး ကျွမ်းကျင်မှုရှိ၍ ကျွမ်းကျင်မှုမှတစ်ဆင့် အောင်မြင်မှုကို ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် စစ်မှုသိပ္ပံနည်းပညာများအရ သင်ယူလေ့လာလေ့ကျင့်မှုဖြင့်သာ ခေတ်မီ တပ်မတော်၊ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သော တပ်မတော်အဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

လေ့ကျင့်မှုပြည့်ဝပါက လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကောင်းမွန်သောစီမံခန့်ခွဲနိုင်သည့် အုပ်ချုပ်ရေးစနစ် လိုအပ်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးစနစ်အတွက် မှန်ကန်သည့် အမိန့်၊ ပြဋ္ဌာန်းထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တိမ်းစောင်းမှုမရှိ၊ မှန်ကန်မျှတစွာ စီမံအုပ်ချုပ်သွားရန်လိုကြောင်း၊ ပြည့်ဝသောလေ့ကျင့်မှုကို ကောင်းမွန်သော အုပ်ချုပ်မှုဖြင့် ပေါင်းစပ်နိုင်ပါက ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါအောင်မြင်မှုကို ရေရှည်ထိန်းသိမ်းနိုင်ရန် မဖြစ်မနေ လိုအပ်မှုအနေဖြင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ တပ်မတော် တစ်ရပ်လုံးအတွက် သက်သာချောင်ချိရေးကို အဓိကအထောက်အကူပြုနိုင်သော စိုက်ပျိုးရေးဆိုင်ရာ မူဝါဒ၊ မွေးမြူရေးဆိုင်ရာ မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ကြောင်း၊ ထိုဆောင်ရွက်စေမှုကြောင့် ယခုအခါ အသားငါး၊ ကြက်ဥမှစ၍ ဟင်းသီး၊ ဟင်းရွက်များအထိ စစ်သည်၊ မိသားစုများသာမက သက်ဆိုင်ရာဒေသများအထိ စားသောက်ရေးအပေါ် ထိရောက်သောအထောက်အကူဖြစ်စေခဲ့ကြောင်း။

**တည်ဆောက်ပြီးသားဖြစ်နေမည်**

အလားတူ နေရေး၊ ဝတ်ရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် နိုင်ငံတော်နှင့် တပ်မတော်မှ ခွင့်ပြုထားသော ရပိုင်ခွင့်များကို သတ်မှတ်ထားသော မူဘောင်အတွင်းမှ ကောင်းစွာ စီမံခန့်ခွဲပေးခြင်းဖြင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မှန်ကန်သော အုပ်ချုပ်မှုစနစ်မှ ကောင်းမွန်သော သက်သာချောင်ချိမှုကိုဖြစ်စေပြီး ယင်းမှအောင်မြင်မှု၏ အရေးအကြီးဆုံးဖြစ်သည့် စိတ်ဓာတ်ခိုင်မာကောင်းမွန်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ချောမွေ့စွာဖြင့် ရေရှည်အောင်မြင်မှုရရှိရန်မှာ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့သည် အားလုံးမရှိမဖြစ်လိုအပ်သော ဆက်နွှယ်မှုဖြစ်၍ အလေးထားရန်လိုကြောင်း၊ အဆိုပါအချက်လေးချက်ကို ဟန်ချက်ညီဆောင်ရွက်နိုင်ခြင်းဖြင့် တပ်တွင်း စည်းလုံးညီညွတ်မှုကို အလိုလိုခိုင်မာအောင် တည်ဆောက်ပြီးသားဖြစ်နေမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အား တာဝန်ယူထိန်းသိမ်းခဲ့သည့် တစ်နှစ်နှင့် သုံးလကာလအတွင်း အကြမ်းဖက်အဖွဲ့များ အနေဖြင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်ဖြင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းမျိုးစုံက နည်းမျိုးစုံဖြင့် ကြိုးပမ်းလာခဲ့ကြောင်း၊ တည်ငြိမ်မှုကို လိုလားသည့် ပြည်သူလူထု၊ သစ္စာရှိဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက **စာမျက်နှာ ၅ သို့** ✪

☆ **တပ်မတော်သည် နိုင်ငံတော်အတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေရသဖြင့် အဆင့်အတန်းအားလုံးသည် မိမိ၏တာဝန်၊ ဝတ္တရားများကို သိရှိကြပြီး ကိုယ်စီလုပ်ငန်းတာဝန်များအပေါ် အလေးအနက်ထား ကျေပွန်အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန်လို**

☆ **အုပ်ချုပ်ရေးစနစ်အတွက် မှန်ကန်သည့် အမိန့်၊ ပြဋ္ဌာန်းထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တိမ်းစောင်းမှုမရှိ၊ မှန်ကန်မျှတစွာ စီမံအုပ်ချုပ်သွားရန်လို**

☆ **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ တပ်မတော်တစ်ရပ်လုံးအတွက် သက်သာချောင်ချိရေးကို အဓိကအထောက်အကူပြုနိုင်သော စိုက်ပျိုးရေးဆိုင်ရာ မူဝါဒ၊ မွေးမြူရေးဆိုင်ရာ မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဟိန်းဇဲတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

❂ စာမျက်နှာ ၄ မှ

ညီညွတ်သောအင်အားကြောင့် ၎င်းတို့၏ရည်မှန်းချက် ပျက်ပြားသွားချိန်တွင် အင်အားခိုင်မာတောင့်တင်းသည့် တပ်မတော်ကိုဖြိုခွဲရန် ဆက်တိုက်ကြိုးပမ်းလာကြောင်း၊ သို့သော် တပ်မတော်၏ ရေပတ်မဝင်သော စည်းလုံးညီညွတ်မှုကြောင့် ခိုင်မာသောအဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်သည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖိတ်ခေါ်မှုများပြုလုပ်ခဲ့ကြောင်း၊ လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲ ဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် နိုင်ငံတော်အကြီးအကဲက လက်ခံတွေ့ဆုံရန်လည်း ဖိတ်ခေါ်ထားကြောင်း။

ဆက်လက်ပြီး လေ့ကျင့်ရေးသင်တန်းများနှင့် ပတ်သက်၍ သင်တန်းကျောင်းတွင် တက်ရောက်နေသည့် သင်တန်းသားများအနေဖြင့်လည်း သင်ကြားပေးသည့် သင်ခန်းစာများကို အမှန်တကယ် တတ်မြောက်၍ လက်တွေ့အသုံးချနိုင်သည်အထိ လေ့လာသင်ယူသွားရန်လိုကြောင်း၊ အလားတူ နည်းပြများအနေဖြင့်လည်း သင်တန်းသားများ၏ ယုံကြည်ကိုးစားမှုခံရသည့် သင်ကြားမှုအရည်အချင်း စွမ်းရည်နှင့် ပြည့်စုံရမည့်အပြင် ဟန်ပန်အမူအရာလည်း လေးစားဖွယ်ရာရှိနေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် စစ်ဆင်ရေးတာဝန်ဖြစ်စေ၊ လုံခြုံရေးတာဝန်ဖြစ်စေ၊ နိုင်ငံ့အရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပေးအပ်သည့်လုပ်ငန်းတာဝန်နှင့် မိသားစုတာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှုသည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ သို့ဖြစ်၍ တပ်မတော်မှချမှတ်ထားသည့် ကြံ့ခိုင်ရေးဆိုင်ရာမူဝါဒနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးမှုများကို လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ပလောက်တပ်နယ် နယ်မြေခံသင်တန်းကျောင်းရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ဥစားကြက်၊ အသားတိုးကြက်၊ DYLဝက်နှင့် နို့စားနွားမွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြိတ်တပ်နယ်မှ အရာရှိ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပလောက်တပ်နယ် နယ်မြေခံသင်တန်းကျောင်းရှိ ဘက်စုံမွေးမြူရေးစခန်း၌ မွေးမြူထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

- ☆ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အား တာဝန်ယူထိန်းသိမ်းခဲ့သည့် တစ်နှစ်နှင့်သုံးလကာလအတွင်း အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေးဦးတည်ချက်ဖြင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းမျိုးစုံက နည်းမျိုးစုံဖြင့်ကြိုးပမ်းလာ**
- ☆ **တပ်မတော်၏ ရေပတ်မဝင်သော စည်းလုံးညီညွတ်မှုကြောင့် ခိုင်မာသောအဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်သည်ကို တွေ့မြင်နိုင်မည်ဖြစ်**
- ☆ **လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် နိုင်ငံတော်အကြီးအကဲက လက်ခံတွေ့ဆုံရန်လည်း ဖိတ်ခေါ်ထား**
- ☆ **တပ်မတော်မှချမှတ်ထားသည့် ကြံ့ခိုင်ရေးဆိုင်ရာမူဝါဒနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးမှုများကို လိုက်နာဆောင်ရွက်သွားရန်လို**

## အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့၏ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၃**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် The Country Task Force on Monitoring and Reporting – CTFMR တို့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ဆွေးနွေးညှိနှိုင်း**

အဆိုပါအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး အောင်ခင်သိန်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အရာရှိကြီးများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးရုံး(UNRCO)မှ Head of the Resident Coordinator’s Office ဖြစ်သူ Mr. Peter Barwick ဦးဆောင်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**

# ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံစိုက်ပျိုးရာတွင် သတိပြုဖွယ်ရာများ

နန်းပပဝင်း (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ဧရိယာသည် စုစုပေါင်းသီးနှံစိုက်ဧရိယာ၏ ၁၆ ဒသမ ၉ ရာခိုင်နှုန်း ရှိပါသည်။ မြန်မာနိုင်ငံတွင် ဆီစားနေကြာကို ၁၉၇၆-၇၇ ခုနှစ်ခန့်ကစ၍ စိုက်ပျိုးခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍမှ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ လမ်းညွှန်ချက်များချမှတ်ပြီး စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီကို ဖွဲ့စည်းကာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် (၉) ရပ်ကို ချမှတ်ခဲ့ပါသည်။ ၎င်းလုပ်ငန်းတာဝန်များအနက် နေကြာကို လာမည့်နှစ်တွင် ဧက ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးနိုင်ရေး ရည်မှန်းချက်ထား၍ စည်းရုံးဆောင်ရွက်ရန်နှင့် စိုက်ဧက ၄ ဒသမ ၀ သန်းအထိ ရောက်ရှိရေး စီမံဆောင်ရွက်ရမည်ဖြစ်ပါသည်။ နေကြာသီးနှံသည် မြန်မာနိုင်ငံ၏ အဓိကဆီထွက်သီးနှံများတွင် တစ်မျိုးအပါအဝင်ဖြစ်သောကြောင့် နေကြာဆီထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်လာပါသည်။



အောင်မြင်ဖြစ်ထွန်းနေသော နေကြာစိုက်ခင်း။

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုအခြေအနေအရ နေရာဒေသအများစုတွင် နေကြာသီးနှံ စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း တွေ့ရှိရပါသည်။ နေကြာသီးနှံသည် အခြားဆီထွက်သီးနှံများနှင့် နှိုင်းယှဉ်ကြည့်ပါက စိုက်ပျိုးရလွယ်ကူပြီး စိုက်ပျိုးသည့်ကုန်ကျစရိတ် သက်သာသည့်အပြင် တစ်ယူနစ်ဧရိယာမှထွက်ရှိသည့် ဆီထွက်နှုန်းပိုမိုရရှိမှု သေချာသည့် သီးနှံဖြစ်ပါသည်။ စိုက်ပျိုးသူတောင်သူများ အကျိုးအမြတ် ရရှိနိုင်သည့် သီးနှံဖြစ်သလို ပြည်တွင်း စားသုံးဆီဖူလုံရေး၊ စိုက်ပျိုးသူတောင်သူများ ဝင်ငွေတိုးတက်ရရှိရေး၊ အစားအစာဘေးကင်းလုံခြုံရေးတို့ကို ရှေးရှု၍ နေကြာသီးနှံကို လက်ရှိစိုက်ပျိုးနေသည့် ဧရိယာထက် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ပါသည်။

နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ဧရိယာတိုးချဲ့ရန်နှင့် တစ်ယူနစ် ဧရိယာမှ အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ နေကြာသီးနှံ တစ်ယူနစ် ဧရိယာမှ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရာ၌ နေကြာစိုက်ပျိုးသူ တောင်သူများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်သင့်သည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

**နေကြာသီးနှံတွင် စိုက်ပျိုးရန် သင့်လျော်သည့် သီးနှံပုံစံများ**

နေကြာသီးနှံကို သီးသန့်၊ သီးထပ်နှင့် သီးညှပ်အဖြစ် စိုက်ပျိုးလေ့ရှိကြပါသည်။

**(က) သီးသန့်စိုက်ပျိုးခြင်း**

- နေကြာသီးနှံကို တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးနိုင်သော ဒေသများတွင် သီးသန့်စိုက်ပျိုးလေ့ရှိကြပါသည်။

**(ခ) သီးထပ်စိုက်ပျိုးခြင်း**

၁။ စပါးပြီး သီးထပ်စိုက်ပျိုးခြင်း- သက်လျင်၊ သက်လတ်စပါးမျိုးများ ရိတ်သိမ်းအပြီး မြေအစိုဓာတ် မခြောက်မီ ထယ်ထိုးထွန်ယက်၍ စိုက်ပျိုးခြင်းနှင့် စပါးရိတ်သိမ်းပြီး တစ်ပြိုင်နက် ကျင်းတူးစိုက်ပျိုးလေ့ရှိကြပါသည်။ (ထယ်ရေးထွန်ရေး ပြုလုပ်ရန်မလိုဘဲ စိုက်ပျိုးခြင်း ဖြစ်ပါသည်။

၂။ ယာသီးနှံ (မိုးမြေပဲ၊ နှမ်းလျင်၊ သက်လျင်ပဲတီစိမ်း၊ ပြောင်းဖူး)တို့ ရိတ်သိမ်းပြီးနောက် သီးထပ်စိုက်ပျိုးကြခြင်း ဖြစ်ပါသည်။

**(ဂ) သီးညှပ်စိုက်ပျိုးခြင်း**

သီးညှပ် စိုက်ပျိုးမည်ဆိုပါက နေကြာကို ဂျုံ၊ ပဲတီစိမ်း၊ ကြံ၊ ပဲစင်းငုံတို့ တန်းကြားတွင် ညှပ်၍ စိုက်ပျိုးလေ့ရှိပါသည်။

- မိုးဦးသီးနှံများ (ချည်မျှင်ရှည်ဝါ၊ သက်လျင်ပဲတီစိမ်း၊ မိုးဦးနှမ်းလျင်)တို့ စိုက်ပျိုးပြီးနောက် ဂျုံနှင့် သီးညှပ်စိုက်ပျိုးနိုင်ပါသည်။ ဂျုံ လေးတန်း နေကြာတစ်တန်းတွင် စိုက်ပျိုးရပါမည်။
- ပဲတီစိမ်းနှင့် သီးညှပ်စိုက်ပျိုးမည်ဆိုပါက ပဲတီစိမ်းလေးတန်း နေကြာတစ်တန်းတွင် စိုက်ပျိုးရပါမည်။
- ကြံနှင့် သီးညှပ်စိုက်ပျိုးမည်ဆိုပါက ကြံပင်နှစ်တန်းကြားတွင် နေကြာတစ်တန်း စိုက်ပျိုးရပါမည်။
- ပဲစင်းငုံနှင့် သီးညှပ်စိုက်ပျိုးမည်ဆိုပါက ပဲစင်းငုံနှစ်တန်းကြားတွင် နေကြာတစ်တန်း စိုက်ပျိုးရပါမည်။ (သီးညှပ်စိုက်ပျိုးရာတွင် နေကြာကို တစ်ပင်နှင့်တစ်ပင် တစ်ပေအကွာ စိုက်ပျိုးရပါမည်။)

သီးထပ်စိုက်ပျိုးခြင်းသာမက ကုလားပဲကဲ့သို့ သီးနှံများနှင့်လည်း နေကြာကိုရော၍ သီးရောအဖြစ်လည်း စိုက်ပျိုးနိုင်ပါသည်။

**နေကြာသီးနှံ အထွက်တိုးစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများ**

နေကြာသီးနှံအထွက်တိုးစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ အပင်ပေါက်ရာခိုင်နှုန်း ၈၀ နှင့်အထက်ရှိသော မျိုးကောင်းမျိုးသန့်၊ စပ်မျိုး(F1) ကို အသုံးပြုရန်၊

၂။ မျိုးစေ့ဆောင်နှင့် မြေဆောင်ရောဂါများ၊ မြေတွင်းအောင်းပိုးများ ကျရောက်မှုမှ ကာကွယ်ရန် မျိုးစေ့ကို မှိုသတ်ဆေး (ဥပမာ- တော့ပ်ဆင်၊ ဟိုမိုင်း) သို့မဟုတ် ပိုးသတ်ဆေး (ဥပမာ- အေမီဒါ ကလိုပစ် ၇၀ ရာခိုင်နှုန်း၊ ဂေါ်ချို ) တစ်မျိုးမျိုးနှင့် လူးနယ်စိုက်ပျိုးရန်၊

၃။ မိုးရာသီတွင် မေလမှ ဇွန်လအတွင်းနှင့် မိုးနှောင်းရာသီတွင် စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးရန်၊

၄။ မြေပြင်ရာတွင် ထယ်ရေးနက်နက်၊ ထွန်ရေး ညက်ညက်ရရှိအောင် ဆောင်ရွက်ရန်၊

၅။ တစ်ဧကတွင် အပင်ရေ ၂၉၀၀၀ ရရှိအောင် တန်းကြား ၊ ပင်ကြား (၂ ပေ x ၉ လက်မ) ထား၍ စိုက်ပျိုးရန်၊

၆။ မျိုးစေ့ကို (၁ ဒသမ ၅ လက်မ- ၂ လက်မ) အနက်တွင် တစ်ကျင်းလျှင် နှစ်စေ့နှုန်း စိုက်ပျိုးရန်၊

၇။ မြေပြင်ချိန်တွင် တစ်ဧကလျှင် သဘာဝမြေသြဇာ ငါးတန် (နွားလှည်း ၁၀ စီးခန့်)၊ ယူရီးယား ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်နှင့် ပိုတက်ရှ် ၅၆ ပေါင် ထည့်သွင်းပေးရန်၊

၈။ အပင်ပေါက်စုံပြီး ၁၄ ရက်သားတွင် တစ်ကျင်း တစ်ပင်ချန်၍ သားခွဲရန်၊

၉။ အပင်ငယ်စဉ်တွင် ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ရန်၊

၁၀။ အဖူးဝင်ချိန် (၂၅-၃၀) ရက်သားခန့်တွင် တစ်ဧကလျှင် ယူရီးယား ၅၆ ပေါင် ထပ်မံထည့်သွင်း၍ ပေါင်တင်ပေးရန်၊

၁၁။ အဖူးဝင်ချိန် (၃၀-၃၅ ရက်သားခန့်) နှင့် ပန်းပွင့်ချိန် (၅၅-၆၀ ရက်သားခန့်) တွင် လိုအပ်ပါက ရေသွင်းပေးရန်၊

၁၂။ မွေးမြူရေးပျားပုံးများတစ်ဧကလျှင် တစ်ပုံး- နှစ်ပုံးထားရှိရန်၊

၁၃။ ဖြုတ်ပိုး၊ ပျပိုး၊ ယင်ဖြူ၊ ပိုးနဂါး၊ ခူမွေးရှည်၊ နေကြာပွင့်စားပိုး စသည့်ပိုးများ ကျရောက်ပါက အလန်း၊ ဆိုက်ပါမီသရင်(သန်းဒါး)၊ ဒိုင်မီသိုအိတ် စသည့် ပိုးသတ်ဆေးများနှင့် ကြွက်ဖျက်ဆီးပါက ဟက်ပီးကြွက်သတ်ဆေးနှင့် ငှက် (ကြက်တူရွေး) ကျရောက်ပါက လူဖြင့်ခြောက်လှန့်ကာကွယ်ရန်၊

၁၄။ ပင်ခြေပုပ်ရောဂါ၊ ရွက်ပြောက်ရောဂါ၊ သံချေးတက်ရောဂါ၊ ကြပ်ခိုးပုပ်ရောဂါ၊ ပင်စည်ပုပ်ရောဂါ စသည်တို့ကျရောက်ပါက ဖိုင်းယား၊ အေမီစတား၊ အေဇိုဗင်၊ အေပီဂျီပလပ်စ် စသောမှိုသတ်ဆေး တစ်မျိုးမျိုးဖြင့် ပက်ဖျန်းကာကွယ်ရန်၊

၁၅။ နေကြာပွင့်နောက်ကျောဘက် အဝါရောင်သန်းချိန် (အပင်သက်တမ်း ၈၀-၈၅ ရက်ခန့်) တွင် အချိန်မီရိတ်သိမ်းရန်၊

၁၆။ ရိတ်သိမ်းပြီး အပွင့်များအား နှစ်ရက်- သုံးရက်လှန်း၍ ခြွေလှေ့သန့်စင်ပါ။ ရရှိလာသော အစေ့များအား နှစ်ရက်-သုံးရက် နေလှန်းအခြောက်ခံပြာတီး၍ အစိုဓာတ် ၇-၉ ရာခိုင်နှုန်းတွင် သိုလှောင်သွားရန်၊

အထက်ဖော်ပြပါ အချက်များကို လိုက်နာကျင့်သုံးမည်ဆိုပါက နေကြာသီးနှံ တစ်ဧကမျှော်မှန်းအထွက်နှုန်းကို ရရှိနိုင်မည်ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ■

**မျှော်မှန်းအထွက်နှုန်းမရရှိရသည့် အကြောင်းရင်းများကိုလေ့လာရာတွင် မျိုးကောင်းမျိုးသန့်သုံးစွဲမှုတွင် စပ်မျိုးများ စိုက်ပျိုးရာ၌ စပ်မျိုး F1 မျိုးစေ့ကို သုံးစွဲမှုအားနည်းခြင်း၊ စိုက်ချိန်မှန်ကန်မှုမရှိခြင်း၊ စိုက်ပျိုးမြေကို မြေဆီသြဇာ ထက်သန်မှုရှိအောင် ဆောင်ရွက်မှုအားနည်းခြင်း၊ အစိုဓာတ်မလုံလောက်သောကြောင့် အပင်ပေါက်မစုံ၍ အပင်ရေ လျော့နည်းခြင်း၊ အဓိကရေလိုအပ်ချိန်ဖြစ်သော အဖူးဝင်ချိန်နှင့် ပန်းပွင့်ချိန်တွင် ဖြည့်စွက်ရေမပေးသွင်းနိုင်ခြင်း၊ ဖြည့်စွက်ဝတ်မှုန်ကူးရန် ပျားပုံးများထားရှိရန်လိုအပ်ခြင်း၊ ကြွက်၊ ငှက် ဖျက်ဆီးမှုအန္တရာယ်ကို မကာကွယ်နိုင်ခြင်း၊ ပိုးမွှား၊ ရောဂါ စနစ်တကျကာကွယ်မှုအားနည်းခြင်း စသည်တို့ကိုတွေ့ရှိရ**


■ စာမျက်နှာ ၆ မှ

**နေကြာသီးနှံအထွက်နှုန်း လျော့နည်းရသည့် အကြောင်းရင်းများ**

နေကြာသီးနှံတွင် သဘာဝဝတ်မှုန်ကူးမျိုး (ဆင်းရွှေကြာ-၂)နှင့် စပ်မျိုးနေကြာမျိုးများ (ရေဆင်းစပ်မျိုး-၁၊ ရေဆင်းစပ်မျိုး-၂) တို့ကို တောင်သူအများစု စိုက်ပျိုးကြပါသည်။ သဘာဝဝတ်မှုန်ကူးမျိုး (ဆင်းရွှေကြာ-၂) သည် တစ်ဧကအထွက်နှုန်း ၂၅-၃၀ တင်းနှင့် စပ်မျိုးနေကြာမှာ ၅၀-၅၅ တင်း ထွက်ရှိနိုင်ပါသည်။ သို့သော် လက်ရှိတွင် အချို့သောတောင်သူများမှာ မျှော်မှန်းအထွက်နှုန်း ရရှိသော်လည်း အချို့မှာ မရရှိကြောင်း တွေ့ရပါသည်။

မျှော်မှန်းအထွက်နှုန်းမရရှိရသည့် အကြောင်းရင်းများကို လေ့လာရာတွင် မျိုးကောင်းမျိုးသန့် သုံးစွဲမှုတွင် စပ်မျိုးများ စိုက်ပျိုးရာ၌ စပ်မျိုး F1 မျိုးစေ့ကို သုံးစွဲမှုအားနည်းခြင်း၊ စိုက်ချိန်မှန်ကန်မှု မရှိခြင်း၊ စိုက်ပျိုးမြေကို မြေဆီဩဇာထက်သန်မှုရှိအောင် ဆောင်ရွက်မှုအားနည်းခြင်း၊ အစိုဓာတ် မလုံလောက်သောကြောင့် အပင်ပေါက်မစုံ၍ အပင်ရေ လျော့နည်းခြင်း၊ အဓိကရေလိုအပ်ချိန်ဖြစ်သော အဖူးဝင်ချိန်နှင့် ပန်းပွင့်ချိန်တွင် ဖြည့်စွက်ရေ မပေးသွင်းနိုင်ခြင်း၊ ဖြည့်စွက်ဝတ်မှုန်ကူးရန် ပျားပုံးများ ထားရှိရန် လိုအပ်ခြင်း၊ ကြွက်၊ ငှက် ဖျက်ဆီးမှုအန္တရာယ်ကို မကာကွယ်နိုင်ခြင်း၊ ပိုးမွှား၊ ရောဂါ စနစ်တကျကာကွယ်မှုအားနည်းခြင်း စသည်တို့ကို တွေ့ရှိရပါသည်။





နေကြာသီးနှံကြီးထွားမှုအဆင့်ဆင့်ပုံ

**နေကြာသီးနှံအထွက်နှုန်း တိုးတက်လာစေရန်အတွက် ပြုပြင်လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ**

**၁။ မျိုးကောင်းမျိုးသန့် စပ်မျိုး F1 ကို ရယူသုံးစွဲ စိုက်ပျိုးခြင်း**

နေကြာသီးနှံစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် စပ်မျိုး F1 ကို ရယူသုံးစွဲခြင်းမရှိသည့်အတွက် အထွက်နှုန်း လျော့နည်းရပါသည်။ သို့ဖြစ်ပါ၍ တောင်သူအချင်းချင်းမှ ရရှိသောမျိုးများ၊ ပွဲရုံမှရရှိသော မျိုးများကို အသုံးမပြုရန်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ်တောင်သူအသင်းအဖွဲ့များက ရောင်းချသော စပ်မျိုးများကိုသာ ရယူစိုက်ပျိုးရန် ဖြစ်ပါသည်။

**၂။ စိုက်ချိန်မှန်ကန်အောင် စိုက်ပျိုးခြင်း**

နေကြာသီးနှံ ဖြစ်ထွန်းမှု အကောင်းဆုံးရရှိစေရန် မိုးရာသီတွင် မေလမှ ဇွန်လနှင့် မိုးနှောင်းရာသီတွင် စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးရမည်ဖြစ်ပါသည်။ သို့သော် မိုးနှောင်းရာသီတွင် တောင်သူအများစုမှာ မိုးစပါး/ မိုးသီးနှံ ရိတ်သိမ်းချိန်ပေါ်မူတည်၍ စိုက်ချိန်နောက်ကျသည့်အတွက် ဒီဇင်ဘာလနောက်ပိုင်းမှ စိုက်ပျိုးနိုင်သဖြင့် ပန်းပွင့်ချိန် သို့မဟုတ် အစေ့အဆန်တည်ချိန် (ဖေဖော်ဝါရီလ – မတ်လ) တွင် မြင့်မားသည့် အပူချိန်နှင့် ကြုံတွေ့ရသည့်အတွက် အထွက်နှုန်းလျော့နည်းရခြင်း ဖြစ်ပါသည်။ ပန်းပွင့်ချိန်နှင့် အစေ့အဆန်တည်ချိန်တွင် မြင့်မားသည့် အပူချိန်ကို ရှောင်ရှားနိုင်ရန် မိုးစပါး/ မိုးသီးနှံကို သက်တမ်းတိုသည့်မျိုးများ ရွေးချယ်စိုက်ပျိုးရန် လိုအပ်ပါသည်။

**၃။ စိုက်ပျိုးမည့်မြေကို မြေဆီဩဇာထက်သန်အောင် ပြုပြင်ခြင်း**

နေကြာသီးနှံ စိုက်ပျိုးရာတွင် စိုက်ပျိုးမြေအမျိုးအစားသည် အထွက်နှုန်းအပေါ် လွှမ်းမိုးမှုရှိသောကြောင့် သဲနုန်းမြေစေး၊ နုန်းမြေနှင့် သဲနုန်းမြေတို့တွင် စိုက်ပျိုးရပါမည်။ သို့သော် တောင်သူအများစုမှာ မိမိလက်ရှိပိုင်ဆိုင်သည့်မြေကို မြေဆီဩဇာထက်သန်အောင် ဆောင်ရွက်လေ့မရှိကြပါ။ သို့ဖြစ်ပါ၍ စိုက်ပျိုးသည့်မြေကို သဘာဝမြေဩဇာများ ပိုမိုထည့်သွင်းပေးခြင်းနှင့် သစ်စိမ်းမြေဩဇာများ စိုက်ပျိုးထည့်သွင်းပေးခြင်းတို့ ဆောင်ရွက်ပါက မြေဆီဩဇာ ထက်သန်လာပြီး အထွက်နှုန်းတိုးတက်လာမည်ဖြစ်ပါသည်။

**၄။ တစ်ဧကသတ်မှတ် အပင်အရေအတွက် ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ခြင်း**

တစ်ဧကတွင် အပင်အရေအတွက် ၂၉၀၀၀ ရရှိအောင် တန်းကြား၊ ပင်ကြား (၂ ပေ x ၉ လက်မ) ထား၍ စိုက်ပျိုးရမည်ဖြစ်သော်လည်း တောင်သူအများစုမှာ သတ်မှတ်အပင်အရေအတွက်ရအောင် စိုက်ပျိုးနိုင်ခြင်းမရှိကြပါ။ ရိတ်သိမ်းချိန်တွင် အပင်အရေအတွက် ၁၈၀၀၀- ၂၀၀၀၀ ခန့်သာရှိသည့်အတွက် အထွက်နှုန်းလျော့နည်းရခြင်း ဖြစ်ပါသည်။ အပင်အရေအတွက် (၅၀၀ – ၆၀၀) လျော့နည်းပါက အထွက် တစ်တင်းလျော့နည်းနိုင်သဖြင့် ရိတ်သိမ်းချိန်တွင် သတ်မှတ်အပင်အရေအတွက် ပြည့်မီပါက အထွက်နှုန်း ပိုမိုရရှိလာမည်ဖြစ်ပါသည်။

**၅။ သွင်းအားစုများ သတ်မှတ်နှုန်းထားအတိုင်း ပြည့်မီအောင်ထည့်သွင်းပေးခြင်း**

ထောက်ခံဓာတ်မြေဩဇာနှုန်းထား ယူရီးယား ၁ ဒသမ ၅ အိတ်၊ တီစူပါ သုည ဒသမ ၅ အိတ်၊ ပိုတက်ရှ်သုည ဒသမ ၅၀ အိတ်နှင့် ကွန်ပေါင်းနှစ်အိတ်တို့အား ဓာတ်မြေဩဇာထည့်သွင်းရမည့် အချိန်များ၌ ပြည့်စုံစွာ ထည့်သွင်းနိုင်မှုမရှိပါ။ တောင်သူအများစုမှာ တစ်ဧကလျှင် ယူရီးယား သုည ဒသမ ၇၅ အိတ်နှင့် ကွန်ပေါင်း သုည ဒသမ ၂၅ အိတ်နှုန်းသာ ထည့်သွင်းနိုင်သဖြင့် အထွက်နှုန်းလျော့နည်းရခြင်း ဖြစ်ပါသည်။ သက်ဆိုင်ရာ စိုက်ပျိုးရေးဘဏ်များမှ ချေးငွေရယူခြင်း၊ ကန်ထရိုက်လယ်ယာစနစ်နှင့် ပေါင်းစပ်ဆောင်ရွက်ပေးခြင်းတို့ဖြင့် သွင်းအားစုများ အပြည့်အဝထည့်သွင်းပေးနိုင်မည် ဖြစ်ပါသည်။

**၆။ အချိန်မီသားခွဲခြင်း**

နေကြာစိုက်ပြီး ၁၄ ရက်သား၌ တစ်ကျင်းတစ်ပင်ချန် သားခွဲရမည်ဖြစ်ပါသည်။ သို့သော် တောင်သူအများစုသည် အချိန်မီ သားခွဲရန် အားနည်းကြောင်း တွေ့ရှိရပါသည်။ အချိန်မီသားခွဲနိုင်ပါက အပင်များပုံမှန်ကြီးထွားပြီး အပွင့်အရွယ်အစားကြီးမားကာ အထွက်နှုန်း တိုးတက်လာမည်ဖြစ်ပါသည်။

**၇။ ဖြည့်စွက်ရေ ပေးသွင်းခြင်း**

နေကြာသီးနှံ စိုက်ပျိုးသည့် သက်တမ်းတစ်လျှောက် အစိုဓာတ်လုံလောက်မှုရှိရမည် ဖြစ်ပါသည်။ အဖူးဝင်ချိန် (၃၀–၃၅ ရက်သားခန့်)နှင့် ပန်းပွင့်ချိန် (၅၅–၆၀ ရက်သားခန့်) တွင် ရေသွင်းပေးရမည်ဖြစ်သော်လည်း တောင်သူအများစုမှာ မိုးရေကို အားကိုးစိုက်ပျိုးရခြင်းနှင့် မိုးနှောင်းရာသီ၌ အစိုဓာတ်ဆုတ်သည့်အချိန်တွင် စိုက်ပျိုးကြသောကြောင့် အပင်ပုခြင်း၊ အပွင့်သေးခြင်း၊ အောင်စေ့နည်းခြင်းတို့ကြောင့် အထွက်နှုန်းလျော့နည်းရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရေလိုအပ်သည့်အချိန်တွင် သွင်းပေးနိုင်ရန် ရေရရှိရေးကို ကြိုတင်စီစဉ်ဆောင်ရွက်ထားရပါမည်။

**၈။ မွေးမြူရေးပျားပုံးများ ထားပေးခြင်း**

နေကြာသီးနှံတွင် ဝတ်မှုန်ကူးမှုကောင်းမွန်ပြီး မျိုးအောင်၍ အစေ့အဆန်တည်မှု ကောင်းမွန်စေရန် မွေးမြူရေးပျားပုံးများ ထားရှိရပါမည်။ သို့သော် တောင်သူအများစုမှာ နေကြာသီးနှံတွင် ပျားဖြင့် ဝတ်မှုန်ကူးခြင်းကို သိရှိမှုအားနည်းကြပါသည်။ ဝတ်မှုန်ကူးမှု အောင်မြင်ပြီး အောင်စေ့များစေရန် ပျားမွေးမြူသူများနှင့်ချိတ်ဆက်၍ မွေးမြူရေးပျားပုံးများ ထားရှိရပါမည်။

**၉။ နေကြာစိုက်ခင်းအား ကြွက်နှင့် ငှက်များ ဖျက်ဆီးမှုမှ ကာကွယ်ပေးခြင်း**

နေကြာအစေ့အဆန်တည်ချိန်မှ ရင့်မှည့်ချိန်ကာလအတွင်း ကြွက်၊ ငှက် (ကြက်တူရွေး) ဖျက်ဆီးတတ်ပါသည်။ တောင်သူအများစုမှာ ကြွက်၊ ငှက်ရန်မှ ကာကွယ်မှုကို အလေးထားဆောင်ရွက်ခြင်း မရှိကြပါ။ ကြွက်၊ ငှက် (ကြက်တူရွေး) ဖျက်ဆီးမှုကြောင့် ဆုံးရှုံးမှုအထွက်နှုန်း (၇၀ ရာခိုင်နှုန်းအထိ) လျော့နည်းနိုင်ပါသည်။ သို့ဖြစ်ပါ၍ နေကြာအစေ့အဆန်တည်ချိန်မှ ရင့်မှည့်ချိန် ကာလအတွင်း ကြွက်ထောင်ချောက်များ ထားရှိခြင်း၊ ကြွက်သတ်ဆေးချခြင်း၊ လူဖြင့်နှိမ်နင်းခြင်း ဆောင်ရွက်ရပါမည်။

လူဖြင့် ငှက်များအား ခြောက်လှန့်ခြင်း၊ ငှက်မကြိုက်သည့် အနံ့၊ အသံတို့ဖြင့် ခြောက်လှန့်ခြင်း ဆောင်ရွက်ပေးရပါမည်။ ထိုသို့ဆောင်ရွက်ပေးနိုင်ပါက သီးနှံပျက်စီးဆုံးရှုံးမှုမှ ကာကွယ်သွားနိုင်ပါမည်။

**၁၀။ ပိုးမွှားရောဂါကျရောက်မှုမှ ကာကွယ်ပေးခြင်း**

နေကြာသီးနှံတွင် ပိုးမွှားရောဂါ ကျရောက်မှုပြင်းထန်ပါက အပင်အသေအပျောက်များပြီး အထွက်နှုန်း ကျဆင်းစေပါသည်။ တောင်သူအများစုမှာ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးကို စနစ်တကျ သုံးစွဲမှုအားနည်းကြပါသည်။ သို့ဖြစ်ပါ၍ အပင်ကြီးထွားမှု အဆင့်အလိုက် ပိုးမွှားရောဂါကျရောက်မှုကို စစ်ဆေး၍ ကာကွယ်ဆေးများ လိုအပ်သလို အသုံးပြုပေးခြင်းနှင့် ရောဂါကျအပင်အကြွင်းအကျန်များအား ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ရပါမည်။

အထက်ပါ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ပြုပြင်လိုက်နာဆောင်ရွက်နိုင်ပါက နေကြာသီးနှံအထွက်နှုန်း တိုးတက်၍ နေကြာထုတ်လုပ်မှု တိုးတက်လာမည် ဖြစ်ပါသည်။

အချုပ်အားဖြင့် နေကြာသီးနှံကို ရေ၊ မြေ၊ ရာသီဥတု အမျိုးမျိုးကွဲပြားသော ဒေသများတွင် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနိုင်၍ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့်လည်း မျှော်မှန်းအထွက်နှုန်းရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုအောင်မြင်ရေးအတွက် အထူးကြိုးပမ်း ဆောင်ရွက်ရပါမည်။ နေကြာသီးနှံကို မိုးဦး၊ မိုးလယ်၊ မိုးနှောင်းရာသီများတွင် အောင်မြင်စွာ စိုက်ပျိုးနိုင်သောကြောင့် စိုက်ဧရိယာတိုးချဲ့ရေးအတွက် အခွင့်ကောင်းများစွာရှိနေပါသည်။ သို့ဖြစ်ပါ၍ အလားအလာရှိသောဒေသများတွင် နေကြာစိုက်ဧကများ တိုးချဲ့စိုက်ပျိုးခြင်း၊ အစေ့ထွက်နှင့် ဆီထွက်နှုန်းကောင်းသော စပ်မျိုးနေကြာမျိုးများဖြင့် မျိုးပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တစ်ဧကအထွက်နှုန်းနှင့် ထုတ်လုပ်မှုတိုးတက်လာပြီး ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံလာမည် ဖြစ်ပါသည်။

**ကျမ်းကိုးစာရင်း**

**ထွန်းဆိုင်နှင့် ခင်မာမာနွယ်။ ၂၀၁၁ ခုနှစ်။ နေကြာစိုက်ပျိုးရေး၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်များအဖွဲ့။**

**http://agriculture.kzntl.gov.za/portal/AgricPublications/LooknDo/ Sunflower Production/ tabid/134/ Default.aspx (7.6.2011)**

**MOALI. 2020. Myanmar Agriculture in Brief.**

**Schneiter, A. A and J.F. Berglund. 1981. Distriction of Sunflower Growth Stages. Crop Sci. 21: 901–903.**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အမှုထမ်းသင်တန်းသားအိပ်ဆောင် လူ ၁၀၀ ဆံ့ နှစ်ထပ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၃**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သင်တန်းကျောင်း၊ အမှုထမ်းသင်တန်းသား အိပ်ဆောင် လူ ၁၀၀ ဆံ့ နှစ်ထပ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြို့ပတ်လမ်းရှိ သင်တန်းကျောင်းမြေနေရာတွင် ကျင်းပသည်။

ဖွင့်ပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(ယာပုံ) ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကာ သင်တန်းသား အိပ်ဆောင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ အဆိုပါ သင်တန်းကျောင်းအား ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍပေါင်းစုံတွင် လုပ်ငန်းဆောင်ရွက်မည့်သူများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် လယ်ဝေးမြို့နယ် ရန်အောင်မြေကြိုးဝိုင်း အကွက်အမှတ်(၁၃)ရှိ ၂၀၂၂ ခုနှစ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်စိုက်ပျိုးမည့် မြေနေရာ ဖဒသမ ၈ ကေကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အကွက်အလိုက်၊ လိုင်းအလိုက် ပန္နက်စိုက်ထူပြီးစီးမှု၊ ကွန်တိုကန်သင်းအလိုက် သရုပ်ပြစိုက်ပျိုးမည့်အစီအစဉ်၊ ကျောက်စီနုန်းထိန်းတမံ ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။ အဆိုပါ မြေနေရာတွင် အမြင့်နှစ်ပေနှင့်အထက် သစ်တောပင်၊ အရိပ်ရပင်၊ ဝါးပင် စုစုပေါင်း ၃၆၇၂ ပင်ကို လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရခိုင်ပြည်နယ်ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဧပြီ ၃၀ ရက်မှ မေ ၃ ရက်အတွင်း ရခိုင်ပြည်နယ်ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ရခိုင်ပြည်နယ် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာတက္ကသိုလ်(စစ်တွေ)၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (သံတွဲ၊ ကျောက်ဖြူ)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (စစ်တွေ) တို့တွင် သင်တန်းများ သင်ကြားပို့ချပေးနေမှုများကို ရှင်းလင်းဆွေးနွေးပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့် တာဝန်ရှိသူများက ဒေသအကျိုးပြုလုပ်ငန်းများ၊ စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ကူညီပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။



ဧပြီ ၃၀ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ)သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စ၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူမှုဆိုင်ရာကိစ္စ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အဆင်သင့်ဖြစ်စေနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာလှပစေရေးတို့ကို မှာကြားသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ကျောင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စစ်တွေမြို့ နည်းပညာတက္ကသိုလ်(စစ်တွေ)၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ)သို့လည်းကောင်း၊ မေ ၃ ရက်တွင် ကျောက်ဖြူမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)သို့လည်းကောင်း ရောက်ရှိပြီး ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများကို တွေ့ဆုံကာ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူမှုများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ICT နည်းပညာသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လျက်ရှိသဖြင့် နည်းပညာကို အကျိုးရှိစွာ အသုံးချပြီး စဉ်ဆက်မပြတ် သင်ယူခွင့်ရရှိရေး၊ တက္ကသိုလ်များ၊ သိပ္ပံများ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် သင်ကြားသင်ယူမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရေး ဆောင်ရွက်သင့်သည်များကို ရှင်းလင်းဆွေးနွေးမှာကြားခဲ့သည်။

ခရီးစဉ်၌ ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်များ၊ သိပ္ပံများ၊ ကျောင်းများရှိ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်နှင့် အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြား ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် သင်တန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများဖြစ်သော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၇၆)၊ အဆင့်မြင့်စက်ချုပ်နည်းပြ သင်တန်း အမှတ်စဉ်(၄၀)၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၁၁၀) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ အဆင့်ဆင့်သောဝန်ထမ်းများ အရည်အသွေး ထက်မြက်ပြီး အတွေးအခေါ် မှန်ကန်မြင့်မားလာစေရန်၊ မိမိရာထူးအဆင့်နှင့်အညီ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရုံသာမက ဆင်ခြင်တုံတရားပြည့်ဝသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ သင်ကြားတတ်မြောက်ထားသော အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ ဝန်ကြီးဌာနမှ အားကိုးရသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ပြီး အဆိုပါသင်တန်းများကို မေ ၂ ရက်မှ ဇူလိုင် ၂၂ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူ ၁၅၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၃**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ၂၇-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

(ယမန်နေ့မှအဆက်)

**Voice of Myanmar သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က လက်တလောတွင် အဖွဲ့စုံနာမည်ခံ၍ စိတ်ထင်တိုင်း လူများကိုသတ်ဖြတ်ခြင်း၊ ရဟန်းသံဃာများကို သတ်ဖြတ်ခြင်း၊ အိုးအိမ်စည်းစိမ်များစွန့်လွှတ်ပြီး ထွက်ပြေးပုန်းရှောင်ရခြင်း စသည့်သတင်းများ ကြားသိနေရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရန်အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးသွားမည်ကို သိလိုကြောင်းမေးမြန်းသည်။

**ပြည်သူ့လုံခြုံရေးစနစ်ကို အမြန်ဆုံးဆောင်ရွက်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မိမိအနေဖြင့် ဖြေကြားပြီးဖြစ်ကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်ပြီး ၂၀၂၂ ခုနှစ်သည်ငြိမ်းချမ်းရေးနှစ်ဖြစ်ခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို ပြည်သူ့အင်အား၊ လိုအပ်သည့် ထောက်ပံ့ပစ္စည်းအပြည့်အစုံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လာလျှင် အကြမ်းဖက်လုပ်ရပ်များ လျင်မြန်စွာချုပ်ငြိမ်းသွားနိုင်ကြောင်း၊ ပြည်သူလူထုကို ပူးပေါင်းပါဝင်ရန်အတွက် တိုက်တွန်းပါကြောင်း ပြန်လည်ဖြေကြားသည်။

**Voice of Myanmar သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုတွေ့ဆုံရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ဖိတ်ခေါ်ထားကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ မည်သည့်အဖွဲ့များနှင့် တွေ့ဆုံမည်၊ မည်သည့်အချိန်တွင် တွေ့ဆုံမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တွေ့ဆုံလိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို မေလ ၉ ရက်နေ့အထိ အချိန်သတ်မှတ်ထားကြောင်း၊ စဉ်းစားရန် အချိန်ကာလအားဖြင့် နှစ်ပတ်ပေးထားကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးသားအဖွဲ့ ၁၀ ဖွဲ့ရှိပြီး KNU၊ RCSS/SSA၊ PNLO၊ CNF၊ KNLA၊ DKBA ၊ ABSDF၊ ALP၊NMSP၊LDU စသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းက အဖွဲ့ကိုးဖွဲ့နှင့် ဆက်သွယ်ရရှိပြီးဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များအနေဖြင့် တက်ရောက်လိုသော ဆန္ဒရှိသည့်အဖွဲ့များလည်းရှိကြောင်း၊ တွေ့ဆုံပွဲကို တက်ရောက်မည့်လက်နက်ကိုင်အဖွဲ့များအား ကျန်အဖွဲ့များက ဖယ်ကြဉ်နိုင်ကြောင်း၊ ယခုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားရှိနေပြီး ဗိုလ်ချုပ်အောင်ဆန်းက PDF အဖွဲ့များ၏ လုပ်ဆောင်ချက်များကို တားမြစ်မည်ဆိုလျှင်ပင် ဗိုလ်ချုပ်ကို ရစရာမရှိအောင် ပြောကြလိမ့်မည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် လွတ်လပ်ရေးကို ရယူပေးခဲ့သည့်သူဖြစ်သော်လည်း မရနိုင်ကြောင်း၊ NCA လက်မှတ်ရေးထိုးမထားသည့် အဖွဲ့ ၁၁ ဖွဲ့ရှိကြောင်း၊ UWSA၊ NDAA၊ NSCN(K)၊ KIO၊ KIA၊ KNPP၊ ANC SSPP/SSA၊ TNLA ၊ MNDA၊ WNO၊ AA စသည့်အဖွဲ့များထဲမှာ အဖွဲ့ရှစ်ဖွဲ့ဖြင့် အဆက်အသွယ်ရပြီးဖြစ်ကြောင်း၊ တက်ရောက်လိုသော ဆန္ဒရှိသည့်အဖွဲ့များလည်းရှိကြောင်း ပြန်လည်ဖြေကြားသည်။

**97 Media မှ သတင်းထောက်ချုပ် နန္ဒာလင်း (ထားဝယ်)**က နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား စီမံကိန်းများကို လုပ်ဆောင်နေသည်ကို သိရှိရကြောင်း၊ အဆိုပါစီမံကိန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့်ပတ်သက်၍ သိလိုကြောင်း မေးမြန်းသည်။

**လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၃ ဘီလီယံကျော်ရှိ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍတွင် မူဝါဒပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအကြောင်းကို ပြောမည်ဖြစ်ကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တာဝန်ရှိသူများလည်း တက်ရောက်လျက်ရှိကြောင်း၊ ၎င်းတို့က အပြည့်အစုံဖြေကြားပေးလိမ့်မည်ဖြစ်ကြောင်း၊ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့တွင် လက်ရှိလုပ်ငန်းပေါင်း ၇၄ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ၁၆ ဒသမ ၆ ဘီလီယံကျော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှစ်ခု အပါအဝင် ကျပ် ၁၃ ဒသမ ၇ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ လျှပ်စစ်ကဏ္ဍတွင် လက်ရှိ လုပ်ငန်းပေါင်း ၃၄ ခု ရှိပြီး ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၃ ဘီလီယံကျော်ရှိကြောင်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၂၆ ခု၊ ပမာဏအနေဖြင့် ကျပ် ၈၁၇ ဒသမ ၆ ဘီလီယံကျော် လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်ကစပြီး အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ရေအားလျှပ်စစ်အပြင် တခြားအလားအလာရှိသည့် စီမံကိန်းများ ဆောင်ရွက်ရန် ကြိုးပမ်းသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ဓာတ်အားပေးစက်ရုံများတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချနိုင်ရေး ရင်းနှီးမြှုပ်နှံရန်အတွက်ပေးခဲ့ကြောင်း၊ မိမိပြောခဲ့သလို ၎င်းထက်ကောင်းမွန်သည့်အစီအမံများကိုလည်း ဆက်လက်လုပ်ဆောင်ရန်ရှိကြောင်း၊ ကျန်သည့်အသေးစိတ်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆက်လက်ဖြေကြားလိမ့်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က မူဝါဒပိုင်းအနေဖြင့် ဗိုလ်ချုပ် ဖြေကြားခဲ့သည်မှာ ပြည့်စုံပါကြောင်း၊ မေးမြန်းသည့် နေရောင်ခြည်စွမ်းအင်သုံးနှင့် ရေအားလျှပ်စစ်စွမ်းအင်သုံး အစီအစဉ်သည် ဗိုလ်ချုပ်ဖြေကြားခဲ့သကဲ့သို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့သစ္စာသတင်းမီဒီယာမှ CEO ဦးအောင်ကျော်ဦး**က နံပါတ်(၁)မေးခွန်းအနေဖြင့် အုပ်ချုပ်ရေးမှူးများ အသတ်ခံရသည့်ကိစ္စဖြစ်ပါကြောင်း၊ ယခုကာလတွင် မြန်မာပြည်တော်တော်များများတွင်ရှိသည့် အုပ်ချုပ်ရေးမှူးအများစုသည် အသတ်ခံနေရကြောင်း၊ ရက်ရက်စက်စက်အသတ်ခံနေရသည့် ဗီဒီယိုဖိုင်များ လူမှုကွန်ရက်တွင် ပျံ့နှံ့နေသည်ကို ဗိုလ်ချုပ်လည်း တွေ့လိမ့်မည်ဖြစ်ကြောင်း၊ အသတ်ခံရသည့် အုပ်ချုပ်ရေးမှူးများမှာ မိမိကိုယ်ကို ခုခံကာကွယ်ရန်အတွက် ၎င်းတို့တွင်လက်နက်မရှိသောကြောင့် သေမိန့်ကျခံပြီးသားလူကဲ့သို့ဖြစ်နေကြောင်း၊ အထူးသဖြင့် အကြမ်းဖက်သမားများ သေနတ်ပစ်စမ်းရာတွင် အုပ်ချုပ်ရေးမှူးများ၏ခေါင်းများသည် အစမ်းသပ်ခံဖြစ်နေရကြောင်း၊ ဗိုလ်ချုပ်တို့အနေဖြင့် လက်ရှိအုပ်ချုပ်ရေးမှူးများအတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**အစွမ်းကုန်ကာကွယ်ပေးသွားမည်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ၎င်းကိစ္စနှင့် ပတ်သက်၍ မြင်တွေ့ရပါကြောင်း၊ မိမိတို့ အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အုပ်ချုပ်ရေးမှူးများနှင့်ပတ်သက်၍ ကာကွယ်ပေးနိုင်မှု လစ်ဟင်းသည့်အတွက် အုပ်ချုပ်ရေးမှူးများနှင့် ၎င်းတို့၏မိသားစုဝင်များကိုလည်း မိမိတို့အနေဖြင့်တောင်းပန်ပါကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ ရှေ့လျှောက် မိမိတို့ အစွမ်းကုန်ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိပြောခဲ့သည့်အထဲတွင်လည်း ပါဝင်ပါကြောင်း၊ ပြည်သူ့ကာကွယ်ရေးစနစ်ထဲတွင်လည်း ပါပြီးဖြစ်ကြောင်း၊ လိုအပ်သည့်ပစ္စည်း ကိရိယာများ၊ လိုအပ်သည့်ထောက်ပံ့ရေးပစ္စည်းများ၊ အထောက်အပံ့ပစ္စည်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့သစ္စာသတင်းမီဒီယာမှ CEO ဦးအောင်ကျော်ဦး**က မိမိအပါအဝင် မြန်မာပြည်အနှံ့အပြားတွင်ရှိသည့် အမျိုးသားနိုင်ငံရေးသတင်းထောက်တော်တော်များများ အသတ်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ ယခင်သတင်းစာရှင်းလင်းပွဲ၌လည်း ဗိုလ်ချုပ်ကို တင်ပြပြီးဖြစ်ကြောင်း၊ အကြမ်းဖက်အဖွဲ့များက သတ်ဖို့အထိ ခြိမ်းခြောက်ခံနေရသည်မှာလည်း ယနေ့အချိန်အထိဖြစ်ကြောင်း၊ မိမိအပါအဝင် နိုင်ငံ့သစ္စာခံသတင်းဌာနအဖွဲ့ဝင် သတင်းသမားများ အကုန်လုံးနီးပါး ထိုသို့ အခြိမ်းခြောက်ခံနေရကြောင်း၊ တကယ့်မြေပြင်အနေအထားတွင် မိမိတို့အမျိုးသားနိုင်ငံရေးသတင်းထောက်များကို တကယ်တမ်းကူညီပေးမည့်သူဆိုသည်မှာ မရှိသလောက်ဖြစ်ပါကြောင်း၊ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်မှာရှိသည့်လက်နက်နှင့် ပြန်ခုခံကာကွယ်မည်ဆိုလျှင် လက်နက်ကိုင်ဆောင်မှုဖြင့် အဖမ်းခံရနိုင်ကြောင်း၊ လက်ဝယ်မကိုင်ဆောင်ထားပြန်လျှင်လည်း အကြမ်းဖက်အဖွဲ့ဝင်များ၏ အသတ်ခံရနိုင်ရန် သေချာသလောက်ရှိနေကြောင်း၊ ဧပြီလ ၂၁ ရက်နေ့က မိမိကို သတ်ရန်ဆိုပြီး Online Meeting တစ်ခုတွင် ၎င်းတို့အစည်းအဝေးထိုင်ကြကြောင်း၊ မြို့ပေါ်ကအဖွဲ့နှင့် တောကအဖွဲ့ဟု ၎င်းတို့ပြောကြကြောင်း၊ မြို့ပေါ်ကအဖွဲ့က မိမိကိုသတ်လိုကြောင်း၊ တောကအဖွဲ့က မသတ်ပါနဲ့ဆိုပြီး တားကြောင်း၊ ရယ်စရာလည်းကောင်းကြောင်း၊ ၎င်းတို့နှစ်ဖွဲ့ပြေလည်မှ မိမိကအသတ်ခံရမလိုဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ လုံခြုံရေးအဖွဲ့များကို တင်ပြရန်ရှာသည့်အခါတွင်လည်း ၎င်းတို့သည် အလုပ်များ၍လားမသိ လုံးဝမတွေ့ရပါကြောင်း၊ ၂၁ ရက်နေ့မှ ယနေ့အချိန်အထိ ကြာပြီဖြစ်ကြောင်း၊ မိမိသွားရောက်၍စောင့်သော်လည်း ၎င်းတို့ကို မတွေ့ရကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်တို့အနေနှင့် မိမိအစီအစဉ်ဖြင့် မိမိကိုယ်မိမိ ခုခံကာကွယ်ရန်၊ အကြမ်းဖက် ရန်ပြုသူများကို ပြန်လည်ခုခံရန် လက်နက်ကိုင်ဆောင်ခွင့် မိမိအစီအစဉ်ဖြင့် ခွင့်ပြုပေးနိုင်မလား သိလိုကြောင်းမေးမြန်းသည်။

**လက်နက်ကိုင်ဆောင်ခွင့်ဆိုသည်မှာ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လက်နက်ကိုင်ဆောင်ခွင့်ဆိုသည်မှာ ၎င်း၏ဥပဒေစည်းမျဉ်းများရှိပြီးဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် မိမိကိုယ်ကိုကာကွယ်ရန်အတွက် လက်နက်လျှောက်သည်ဆိုသည်မှာ အတိုချုံ့ပြောရလျှင် လိုင်စင်နှင့် လျှောက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံသားများအတွက် ထိုလုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ရမည်ဖြစ်ကြောင်း၊ သတင်းသမားနှင့်ပတ်သက်၍ တိုက်တွန်းလိုသည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြောရေးဆိုခွင့်ရှိသူ တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးများရှိကြောင်း၊ ထိုဝန်ကြီးများစာရင်းကို မိမိသတင်းစာရှင်းလင်းပွဲပြီးလျှင် ပေးလိုက်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သတင်းထောက်များအနေဖြင့် ထိုဝန်ကြီးများနှင့်ဆက်သွယ်ပြီး မိမိတို့လိုအပ်သည့်အကူအညီများ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**စာမျက်နှာ ၁၁ သို့** ✪

❂ စာမျက်နှာ ၁၀ မှ

**ခေတ်ပုံရိပ်သတင်းဌာနမှ သတင်းထောက် ဦးညဏ်ထွန်းဝင်း**က မိမိအနေဖြင့် ပဲခူးတိုင်းဒေသကြီးက အနေအထားကိုတင်ပြလို၍ လာရောက်ခြင်းဖြစ်ကြောင်း၊ ယမန်နေ့ညနေကအထိ ပြည်သူများကို တိုင်းဒေသကြီးအစိုးရ၏ ခေါင်းစဉ်အောက်တွင် ဆောင်ရွက်နေမှုအနေအထားများကို တင်ပြလိုကြောင်း၊ ယခင် ၂၀၁၃၊ ၂၀၁၄ ခုနှစ်ခန့်က ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့၌ ကမ်းပြိုမှုများဖြစ်ပွားခဲ့ဖူးကြောင်း၊ ယင်းကြောင့် ပြည်သူအချို့ နေစရာပင်မရှိတော့ဘဲ လယ်ယာမြေများပါ ပျောက်ဆုံးခဲ့ကြသဖြင့် ပဲခူးမြို့ပေါ်တက်ပြီး လာရောက်နေထိုင်ကြသည်မှာ ကိုးနှစ်၊ ၁၀ နှစ် ပတ်ဝန်းကျင်ခန့်ရှိနေပြီဖြစ်ကြောင်း၊ ယခင်က မည်သည့်ပြဿနာမှမရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလခန့်ကစတင်ပြီး "ကျူး" ဆိုသည့် ခေါင်းစဉ်တပ်ကာ ဖယ်ရှားမှုများရှိနေကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)တွင်ပြဋ္ဌာန်းထားသည့် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်ပတ်သက်၍ မေးမြန်းလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတိုင်းသည် မိမိတို့မြန်မာနိုင်ငံမြေပေါ်၌ မည်သည့်နေရာမဆို ဥပဒေနှင့်အညီ အခြေချနေထိုင်ခွင့်ရှိသည်ဟု ရေးသားထားသည်ကို တွေ့ရပါကြောင်း၊ မိမိတို့သည် လက်ရှိမြန်မာလူမျိုး၊ မြန်မာနိုင်ငံသားများပင်ဖြစ်ကြောင်း၊ ရာသီဥတုဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးပြီး နေစရာမရှိကြသဖြင့် မြို့ပေါ်တက်ကာ ခုတ်ထွင်ရှင်းလင်းပြီး နေထိုင်ကြပါကြောင်း၊ ယခုအခါ စက်မှုဖော်ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ကိုအကြောင်းပြပြီး ဖယ်ရှားနေသည်မှာ ယမန်နေ့ကအထိဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို မည်သို့ညွှန်ကြားထားသည်ကို သိလိုပါကြောင်းမေးမြန်းသည်။

## ဥပဒေနှင့်မညီဘဲ လုပ်ဆောင်စရာအကြောင်းမရှိ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းထောက်ကြီးအနေဖြင့် အခြေခံဥပဒေကို ကိုးကားမေးမြန်းသွားသည်ကို တွေ့ရပါကြောင်း၊ မိမိအနေဖြင့် မူဝါဒပိုင်းဆိုင်ရာအရ ဖြေကြားသွားမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေကို ကိုးကားရာတွင် အခြေခံဥပဒေကို သေချာလေ့လာဖတ်ရှုရန်လိုအပ်ကြောင်း၊ အမှန်တကယ်ဖြစ်ပျက်နေသည့်အခြေအနေကို လာရောက်ပြောကြားခြင်းဖြစ်သောကြောင့် အပြစ်တင်စရာမရှိပါကြောင်း၊ အခြေခံဥပဒေ ပုဒ်မ ၃၅၅ တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ပြုရမည်ဟု ပါရှိကြောင်း၊ ဥပဒေနှင့်အညီဟုပါရှိသည့်အတွက် ယင်းအချက်ကိုဂရုပြုရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကို မိမိတို့ ပြန်လည်မေးမြန်းပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဥပဒေနှင့်မညီဘဲ လုပ်ဆောင်စရာအကြောင်းမရှိဟုထင်မြင်ပါကြောင်း၊ တစ်ဖက်ဖက်တွင် လိုအပ်ချက်များရှိလိမ့်မည်ဖြစ်ကြောင်း၊ ယင်းတို့ကြောင့် ဆောင်ရွက်ခြင်းဖြစ်နိုင်ကြောင်း၊ သက်ဆိုင်ရာကို ပြန်လည်မေးမြန်းပြီးမှ ဖြေဆိုရမည့် မေးခွန်းဖြစ်သည်ဟု ပြန်လည်ဖြေကြားသည်။

**ခေတ်ပုံရိပ်သတင်းဌာနမှ သတင်းထောက် ဦးညဏ်ထွန်းဝင်း**က ဥပဒေနှင့်အညီဆိုပါက မိမိတို့ပြည်သူများအနေဖြင့် ဥပဒေနှင့်အညီ မည်သို့ဆောင်ရွက်ရမည်ကို သိရှိလိုလျှင် မည်သည့်နေရာဌာနသို့ ဆက်သွယ်မေးမြန်းရမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဥပဒေနှင့်အညီ မည်သို့လျှောက်ရမည်ကို လုပ်ထုံးလုပ်နည်းရှိပြီးဖြစ်ကြောင်း၊ ဥပမာပြောရမည်ဆိုပါက တချို့အရာများသည် မလွတ်မကင်းဖြစ်မည်ဖြစ်ကြောင်း၊ ဘိန်းထုပ်နှင့်



အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခြင်း (ရန်ကုန်တိုင်းဒေသကြီး)

စိတ်ကြွဆေးပြားများမိ၍ ထောင်ကျခါနီးတွင် စိတ်ကြွဆေးပြားဥပဒေပြဋ္ဌာန်းထားသည်ကို မိမိမသိရှိပါဟု ပြော၍မရကြောင်း၊ ထိုသို့ပြောပါက ဥပဒေနှင့်နှိပ်စက်သည်ဟူ၍ ဖြစ်လာဦးမည်ဖြစ်ကြောင်း၊ သတင်းထောက်ကြီး ပြောသည့်ကိစ္စသည် ယခုဖြစ်ပြီးသွားပြီဖြစ်ကြောင်း၊ ဖြစ်သွားသည်များကို စုံစမ်း၍သာရမည်ဖြစ်ကြောင်း၊ တချို့ကိစ္စများအားလုံးကို မိမိအကုန်မသိနိုင်ပါကြောင်း၊ တချို့ကိစ္စများသည် လက်ငင်းဖြေရှင်း၍မရပါကြောင်း၊ မိမိပြောသည်ကို Quote လုပ်ပြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက မည်သို့ပြောသည်၊ ထို့ကြောင့် မိမိတို့ရပိုင်ခွင့်ရှိသည်ဟု ဖြစ်၍မရပါကြောင်း၊ ဗိုလ်ချုပ်ဇော်မင်းထွန်းက မည်သို့ပြောသည်၊ ထို့ကြောင့် ရပိုင်ခွင့်မရှိဟုလည်း ပြော၍မရပါကြောင်း၊ တရားဥပဒေသည် နှစ်မျိုးရှိကြောင်း၊ တရားဥပဒေတွင် တရားမမှုများတွင် နံပါတ်တစ်အနေဖြင့် ရပိုင်ခွင့်နှင့်ပတ်သက်ပြီး မိမိတို့၏ ရပိုင်ခွင့်ကို မတရားမဆုံးရှုံးစေခြင်းကို ကာကွယ်ကြောင်း၊ နံပါတ်နှစ်အနေဖြင့် မိမိတို့၏ ရပိုင်ခွင့်နှင့်ပတ်သက်ပြီး တရားသောရယူမှုဖြစ်ခြင်းကို ကာကွယ်ကြောင်း၊ နှစ်ခုလုံးကို မိမိတို့က ကာကွယ်ရမည်ဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး မတရားဆုံးရှုံးခဲ့ပါသလား၊ မတရားမဆုံးရှုံးခဲ့ဘူးလားဟု မိမိမသိပါကြောင်း၊ တရားစွာရယူခဲ့သည်၊ မတရားရယူခဲ့သည်ကို မိမိမသိနိုင်ကြောင်း၊ ဥပဒေနှင့်အညီရယူသည်၊ ဥပဒေနှင့်မညီဘဲ ရယူသည်၊ ဥပဒေနှင့်အညီ အခြေချသည်၊ ဥပဒေနှင့်မညီဘဲ အခြေချသည်၊ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် ၎င်းကိုမတရားဆုံးရှုံးစေသလားဟု အကြောင်းအရာအချက်အလက်များဖြင့် တွေ့ရမည်ဖြစ်ကြောင်း၊ ထိုအကြောင်းအရာအချက်အလက်များကို တရားဥပဒေအရ ဆုံးဖြတ်သည့်အခါ၊ ထို့ကြောင့် တရားလို/တရားခံဟု ဖြစ်ပေါ်လာခြင်း၊ တရားပြိုင်များ ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နှစ်ဖက်စလုံးကို နားထောင်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တည်းကိုမေးပြီး တစ်ဖက်တည်း၏ အဖြေကို ပေးနိုင်ရန်အကြောင်းမရှိပါကြောင်း၊ မိမိဖြေနိုင်သည့်အဖြေသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကို သက်ဆိုင်သူများအနေဖြင့် မေးပေးမည်ဖြစ်ကြောင်း၊ လိုအပ်သည်များကို ဖြေကြားပေးမည်ဟု ပြောလိုကြောင်း ဖြေကြားသည်။

## မှတ်ပုံတင်ရှိမှသာလျှင် အဆင်ပြေမည်

**ခေတ်ပုံရိပ်သတင်းဌာနမှ သတင်းထောက် ဦးညဏ်ထွန်းဝင်း**က ဗိုလ်ချုပ်တို့ပြောသည့် PR စနစ်ဖြင့် ဆောင်ရွက်ရန် ရွေးကောက်ပွဲနီးနေပြီဖြစ်ကြောင်း၊ ခရီးသွားသည့်အခါတွင်လည်း မှတ်ပုံတင်လိုအပ်လာပါကြောင်း၊ မှတ်ပုံတင်မပြနိုင်ပါက ရပ်/ ကျေးအုပ်ချုပ်ရေးမှူးထောက်ခံချက်ဖြင့် သွား၍မရပါကြောင်း၊ မှတ်ပုံတင်ပါမှ သွား၍ရမည်ဆိုသည့်အတွက် နိုင်ငံတော်က ကြပ်မတ်ပြီး ပန်းခင်းစီမံချက် အချက်လေးချက်ဖြင့် ဆောင်ရွက်ရာ အောင်မြင်သည်ကို တွေ့ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ထိုနေရာတွင် တွေ့ရှိရသည်မှာ မိမိမေးမြန်းသည့်ကိစ္စကဲ့သို့ ကမ်းပြိုပြီး ရွာလုံးကျွတ် အိမ်များပျောက်သွားသည့်အခါ အိမ်ထောင်စုဇယားများ၊ မှတ်ပုံတင်များမရှိကြကြောင်း၊ ယခင်အိမ်ထောင်စုစာရင်းရှိသူ၊ မှတ်ပုံတင်ရှိသူများက သွားရောက်လုပ်ရသည်မှာ မြန်ကြောင်း၊ ယခု အိမ်ထောင်စုဇယားသွားလုပ်ရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက လက်မခံကြောင်း၊ ပြော၍မကောင်းသောကြောင့် မပြောလိုပါကြောင်း၊ ခက်ခက်ခဲခဲလုပ်ရပါကြောင်း၊ ယခု ရွေးကောက်ပွဲအတွက်နှင့် ခရီးသွားရန်အတွက် အသက်ပြည့်ပြီးသူများသည် မှတ်ပုံတင်ရှိမှသာလျှင် အဆင်ပြေမည်ဖြစ်ပါကြောင်း၊ မှတ်ပုံတင်အတွက် ထပ်ပြီး အိမ်ထောင်စုဇယားလည်းမရှိသည့်အတွက် မှတ်ပုံတင်လုပ်၍မရပါကြောင်း၊ အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်ရရှိရန်အတွက် ထပ်မံ၍ ဗိုလ်ချုပ်တို့ဘက်က မည်သို့ညွှန်ကြားထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပန်းခင်းစီမံချက်နှင့်ပတ်သက်ပြီး ပျောက်သွားသည့် ပြောကြားချက်များ၊ မည်သည့်အထောက်အထားမရှိသည့် ပြောကြားချက်များကို ခဏခဏမေးခွန်းထုတ်နေခြင်းများရှိကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် အဆိုပါကိစ္စများနှင့်ပတ်သက်ပြီး မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သတင်းစာများတွင် တရားဝင်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အသေးစိတ်ကို သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

## အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ရှိစေရေး ဆောင်ရွက်ပေးခဲ့

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူ**က ဖြည့်စွက်ဖြေကြားရာ ခေတ်ပုံရိပ်ဂျာနယ်မှ မေးမြန်းထားသည့် အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ မရှိခြင်းနှင့် ရွေးကောက်ပွဲတွင် မဲပေးရန် မှတ်ပုံတင်မရှိခြင်းနှင့်ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ဆယ်စုနှစ်ကာလအတွင်း ရွေးကောက်ပွဲသုံးကြိမ် ကြုံခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် စသည့်နှစ်များတွင် ပြုလုပ်သည့် ရွေးကောက်ပွဲများကို ကြုံခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ ရွေးကောက်ပွဲများတွင် မဲစာရင်းအတွက် လိုအပ်သည့် အရာများ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် မဲစာရင်းအတွက် ဆောင်ရွက်ချက် အနည်းငယ်သာရှိကြောင်း၊ မဲပေးချိန်တွင် မှတ်ပုံတင်မရှိသည့်သူများရှိခဲ့ကြောင်း၊ နှစ်ကြိမ်မဲပေးခြင်း၊ သုံးကြိမ်မဲပေးခြင်းများ၊ အသက်တစ်ရာအထက် မဲပေးခြင်း၊ မှတ်ပုံတင်မရှိဘဲမဲပေးခြင်းများ ဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် ပန်းခင်းစီမံချက်အနေဖြင့် ၂၀၂၁ ခုနှစ် မေလ ၃ ရက်နေ့မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့အထိ ၁၈ လ အတွင်း အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ရှိစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ၊ ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများနည်းဥပဒေ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ စသည့်ဥပဒေများနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယခုအခါ မြို့ဝင်၊ မြို့ထွက်ဂိတ်များ၊ High Way လမ်းများတွင် သွားလာသူများကို မှတ်ပုံတင် ရှိ၊ မရှိ စစ်ဆေးလျက်ရှိပြီး မှတ်ပုံတင်မရှိလျှင် လုပ်ပေးနိုင်ရန်ဖြစ်ကြောင်း၊ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်မရှိသည့် အမျိုးအစား လေးမျိုးရှိကြောင်း၊ လက်ရှိနေထိုင်သည့်ဒေသတွင် အမြဲနေထိုင်ပြီး အိမ်ထောင်စုစာရင်းရှိပြီး မှတ်ပုံတင်မရှိသည့်သူများကတစ်မျိုး၊ လက်ရှိနေထိုင်သည့်ဒေသတွင် အမြဲနေထိုင်ပြီး အိမ်ထောင်စုစာရင်းမရှိ၊ မှတ်ပုံတင်မရှိသည့်သူများက တစ်မျိုး၊ အခြားဒေသမှ ပြောင်းရွှေ့လာပြီး အရင်နေခဲ့သည့်ဒေသတွင် အိမ်ထောင်စုစာရင်းရှိ၍ မှတ်ပုံတင်မရှိသည့်သူများက တစ်မျိုး၊ အခြားဒေသမှ ရွှေ့ပြောင်းလာပြီး ယခင်နေခဲ့သည့်ဒေသတွင် အိမ်ထောင်စုစာရင်းမရှိ လက်ရှိနေထိုင်သည့်ဒေသတွင်လည်း အိမ်ထောင်စုစာရင်းမရှိ၊ မှတ်ပုံတင်မရှိသည့်သူများက တစ်မျိုးရှိကြောင်း၊ ထို့ကြောင့်ယခုအခါ လဝကရုံးအနေဖြင့် ပန်းခင်းစီမံချက်ဖြင့် မှတ်ပုံတင်မရှိသူများ၊ အိမ်ထောင်စုစာရင်းမရှိသူများကို ကွင်းဆင်းစစ်ဆေးပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝေးလံခေါင်ပါးသည့် နယ်စပ်ဒေသများတွင် ဆောင်ရွက်ပေးနေမှုများကို သတင်းစာများတွင် တွေ့နိုင်ကြောင်း။

## နိုင်ငံသားတိုင်းတာဝန်ဖြစ်

အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ သည် မူလအိမ်ထောင်စုစာရင်းက လက်ရှိနေထိုင်သည့်နေရာကို ယခင်နေထိုင်သည့်ဒေသမှ ပြောင်းရွှေ့ပေးရမည်ဖြစ်ကြောင်း၊ ယခင်နေထိုင်သည့်ဒေသတွင် ရှိသည့် အိမ်ထောင်စုစာရင်းရှိပါက လက်ရှိနေထိုင်သည့်ဒေသသို့ ပြောင်းရွှေ့ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရုံးများတွင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများ ပြုလုပ်ခြင်းသည် နိုင်ငံသားတိုင်း တာဝန်ဖြစ်ကြောင်း၊ ယခုခန်းမအတွင်းရှိသူများသည် အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ရှိကြသည့်သူများပါကြောင်း၊ ကိုယ်တိုင်သွားရောက် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အိမ်ထောင်စုစာရင်း ပြောင်းရွှေ့ခြင်းသည် သက်ဆိုင်ရာ မြို့နယ်ရုံးမှ မြို့နယ်ရုံးအချင်းချင်း ညှိနှိုင်းပေးပြီး ဆက်သွယ်ဆောင်ရွက်၍ အိမ်ထောင်စုစာရင်းအားအထွက်ပြုလုပ်ပေးကာ အဆိုပါ အိမ်ထောင်စုစာရင်းမှ ဖျက်ပေးလျက်ရှိကြောင်း၊ အိမ်ထောင်စုစာရင်းရှိပြီးသူကို စိစစ်ပြီး ကိုင်ဆောင်သင့်သည့် လက်မှတ်တစ်မျိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံသားလက်မှတ် ကိုင်ဆောင်သင့်သူ၊ နိုင်ငံသားပြုခွင့်လက်မှတ် ကိုင်ဆောင်သင့်သူ၊ ဧည့်နိုင်ငံသားလက်မှတ် ကိုင်ဆောင်သင့်သူ၊ FRC လက်မှတ် ကိုင်ဆောင်သင့်သူ အမျိုးမျိုးရှိသဖြင့် သင့်တော်သည့် လက်မှတ်တစ်မျိုးကို ထုတ်ပေးမည်ဖြစ်ကြောင်း၊ လက်ရှိဒေသတွင် အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ကိုင်ဆောင်သူများအနေဖြင့် ယခင်ဒေသတွင် နေထိုင်ခြင်းရှိ၊ မရှိကို မြို့နယ်ရုံးအချင်းချင်း ဆက်သွယ်မေးမြန်းပြီး လက်ရှိကျေးရွာအုပ်စုစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ၎င်းကိုသိသည့် ရပ်မိရပ်ဖ၊ ဘာသာရေးခေါင်းဆောင်တို့၏ ထောက်ခံချက်များဖြင့် Migration ဟုခေါ်သည့် M အမှတ်အသားပါ အိမ်ထောင်စုစာရင်းကို ထုတ်ပေးခြင်းများရှိကြောင်း၊ စာမျက်နှာ ၁၂ သို့ ❂

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ရှမ်းပြည်နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ဟဲဟိုးလေဆိပ်သို့ရောက်ရှိပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော သတင်းပြန်ကြားရေးကောင်တာဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့်အတူ တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ကလောမြို့အား သန့်ရှင်းသာယာလှပပြီး အပန်းဖြေ တောင်ပေါ်ခရီးသွားမြို့ဖြစ်စေရန် အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်သည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဂရုပြု**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ခရီးသွားမြို့ အကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်း၍ ဘဏ္ဍာငွေလျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ထင်ရှူးမြို့တော်အဖြစ် အကောင်အထည်ဖော်ရေးလမ်းညွှန်မှာကြားချက်အရ လုပ်ငန်းများ အကောင်အထည်ဖော်သည့်နေရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကလောမြို့သည် ခရီးသွားလုပ်ငန်းအတွက် သမိုင်းကြောင်းနှင့် ရာသီဥတု၊ ရေ၊ မြေအနေအထားအရ ထင်ရှားသည့်မြို့တစ်မြို့ဖြစ်သည့်အတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးကြောင်း။




အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းဖြစ်စေရန် မသန်စွမ်းများအတွက် ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းကို စမ်းသပ်စီမံကိန်းအဖြစ် ကလောမြို့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ရေရှည်တည်တံ့ရေး စဉ်းစားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း အင်းလေးကန် အမှိုက်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်လှေဖြင့်လှည့်လည်ကြည့်ရှုပြီး ဟူပင် ခေါင်တိုင်ဟိုတယ်၌ ညောင်ရွှေဒေသရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် ဆည်မြောင်းဦးစီးဌာနတာဝန်ခံအား တွေ့ဆုံ၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အင်းလေးကန် ရေရှည်တည်တံ့ရန် ဝိုင်းဝန်းထိန်းသိမ်းရေးကိစ္စရပ်များကို မှာကြားသည်။

**အသိအမှတ်ပြုလက်မှတ်များ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလက ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သော ASEAN TOURISM FORUM 2022 တွင် Asean Green Hotel Standard Award ရရှိခဲ့သည့် Aureum Hotel Resort and Spa ကို ဆုတံဆိပ် ပေးအပ်ချီးမြှင့်ပြီး အမျိုးသားအဆင့် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အသိအမှတ်ပြုလက်မှတ်ရ ဟိုတယ်သုံးလုံးကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့ စည်ပင်သာယာရေးခန်းမ၌ ကျင်းပသော Barrier Free Tourism ဝန်ဆောင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းများကို ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ယခင်ကပင် မသန်စွမ်းသူများ အဆင်ပြေစေရန်နှင့် တန်းတူပါဝင်ခွင့်ရရှိစေရန် ဆောင်ရွက်ပေးခဲ့ပြီး Accessible Tourism၊ Barrier Free Tourism ဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြကြောင်း၊ ဟိုတယ်နှင့် ခရီးစဉ်များတွင် မသန်စွမ်းအထောက်အကူပြု ပစ္စည်းကိရိယာများကို ထပ်မံဖြည့်တင်းဆောင်ရွက်ခြင်းနှင့် အသစ်တည်ဆောက်သောလုပ်ငန်းများတွင် မသန်စွမ်းများအတွက် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားလုပ်ကိုင်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက မသန်စွမ်းများအခွင့်ရေးနှင့် တန်းတူပါဝင်နိုင်ခွင့်၊ အားလုံးပါဝင်သောအဟာန့်အတားမဲ့ ခရီးသွားလုပ်ငန်း၊ မသန်စွမ်းခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးအပ်ခြင်း ခေါင်းစဉ်များဖြင့် သင်ကြားပို့ချကြသည်။

အဆိုပါသင်တန်းသို့ ကလောမြို့နှင့် ပင်းတယမြို့များရှိ ဟိုတယ်များမှ ဝန်ထမ်းများနှင့် ဧည့်လမ်းညွှန်များ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

✪ စာမျက်နှာ ၁၁ မှ

ထို့ကြောင့် အိမ်ထောင်စုစာရင်း ဆောင်ရွက်သည့်အခါ M အမှတ်အသားပါသည့် အိမ်ထောင်စုစာရင်းသည် ယခင်မူလ အိမ်ထောင်စုစာရင်းကဲ့သို့ ရေရှည်သုံးစွဲ၍ ရနိုင်ကြောင်း၊ သို့သော် အဆိုပါ အိမ်ထောင်စုစာရင်းရှိတိုင်း မှတ်ပုံတင်ထုတ်မပေးပါကြောင်း၊ အိမ်ထောင်စုစာရင်းအပေါ်မူတည်ပြီး ကိုင်ဆောင်သင့်သည့် လက်မှတ်တစ်မျိုးမျိုးကို ထုတ်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်၊ ဧည့်နိုင်ငံသားလက်မှတ်စသည့် သုံးမျိုးသာ မဲပေးခွင့်ရှိမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာနိုင်ငံ ပြည်သူ့မီဒီယာမှ သတင်းထောက်ဦးတင်အေး**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ညွှန်ကြားချက်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး၊ ကိုဗစ်-၁၉ ကုသဆေး၊ အခြားရောဂါဝေဒနာများ ပျောက်ကင်းစေသည့်ဆေးများကို ထုတ်လုပ်ပေးနိုင်ရန် မြန်မာနိုင်ငံအနှံ့အပြား၌ ပညာရှင်များ မထင်မရှားရှိနေကြကြောင်း၊ အဆိုပါပုဂ္ဂိုလ်များကို ခေါ်ယူပေးစေလိုကြောင်း၊ အဆိုပါပုဂ္ဂိုလ်များ၏ အချက်အလက်များကို မူတည်ပြီး နိုင်ငံအတွက်၊ ပြည်သူ့အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ရအောင်ထုတ်လုပ်ရန် ပြောကြားခဲ့ကြောင်း၊ ထိုမိန့်ခွန်းများနှင့်ပတ်သက်ပြီး အောင်မြင်အောင် ဆောင်ရွက်ရန်အတွက် ဥပဒေအရတွေ့ရသည့် အခြေအနေတစ်ခုကိုတင်ပြလိုကြောင်း၊ သမ္မတဦးသိန်းစိန်လက်ထက်တွင် ထုတ်ပြန်ပေးခဲ့သည့် တိုင်းရင်းဆေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပြည်ထောင်စုဥပဒေ အမှတ်(၈/၂၀၁၄)နှင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်၊ ဇူလိုင် ၂၄ ရက်တို့တွင် ကြေညာသည့် တိုင်းရင်းဆေးဥပဒေကြမ်းနှင့် ကူးစက်ရောဂါနှိမ်နင်းရေးဥပဒေကြမ်းတွင် ပါဝင်သည့် ကင်းလွတ်ခွင့်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့က ဥပဒေ၊ နည်းဥပဒေကဲ့သို့ အာဏာတည်သော အမိန့်မျိုးကို ထုတ်ပြန်ပေးနိုင်မည်ဆိုလျှင် အဆိုပါပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌလိုလားသည့် မြန်မာ့တိုင်းရင်းဆေးဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်နိုင်မည့် အကြံဉာဏ်များပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန်ရှိ၊ မရှိကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိအနေဖြင့် ယင်းကိစ္စကို ကျွမ်းကျင်မှုမရှိသည့်အတွက်ကြောင့် သဘောမပေါက်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဖြေကြားပေးစေလိုကြောင်း ပြောကြားသည်။

**စမ်းသပ်သည့်အဆင့်သို့ရောက်**

**ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က မိမိသိရသည်မှာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေဟူ၍ ရှိပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပြီးလည်းဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ကိုဗစ်ကာကွယ်ဆေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်သည်မှာ ဆေးခါးကြီးဟုခေါ်ကြောင်း၊ Extract ထုတ်ပြီး စမ်းသပ်သည့်အဆင့်သို့ ရောက်ပြီဖြစ်ကြောင်း၊ ယင်းဆေးကို ကိုဗစ်ရောဂါလူနာများအား စမ်းသပ်ရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ Ethical Clearance ဟုခေါ်သည့် သုတေသနကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ရန် မြန်မာနိုင်ငံဆေးသုတေသနဦးစီးဌာနတွင် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယခုအချိန်တွင် ကိုဗစ်လူနာ နည်းပါးလာသည့်အတွက်ကြောင့် စမ်းသပ်သည့် အချိန်အနည်းငယ်ကြာမည်ဟု မိမိအနေဖြင့် ပြောလိုကြောင်း၊ ကိုဗစ်ဆေးအတွက် မြန်မာနိုင်ငံတိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ ဆရာကြီးများနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ သိလိုသည့်အကြောင်းအရာကို မေးမြန်းနိုင်ပါကြောင်း၊ မိမိအနေဖြင့် ထပ်မံဖြေကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**မြန်မာနိုင်ငံ ပြည်သူ့မီဒီယာမှ သတင်းထောက်ဦးတင်အေး**က ပညာရှင်များအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်ဆက်သွယ်ပြီး အကြံဉာဏ်များပြုပေးမည်ဆိုပါက ပြုခွင့်ရမည်လား သိလိုကြောင်းမေးမြန်းသည်။

**ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က အကြံပြု၍ရပါကြောင်း၊ တိုင်းရင်းဆေးထုတ်လုပ်သူများအသင်း၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရှင်များ အစည်းအဝေးကို မကြာခဏဆောင်ရွက်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ ယင်းကိစ္စများကို ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့အကျိုးပြုမီဒီယာမှ သတင်းအယ်ဒီတာကိုခန့်**က နိုင်ငံတော်အစိုးရ၏ ပြည်တွင်းရေးအခြေအနေများကိုလည်း မိမိတို့နားလည်ပါကြောင်း၊ မိမိတို့နိုင်ငံအတွင်းမှ အခြေခံပြည်သူများမှာ ပြည်တွင်းနိုင်ငံရေးအကျပ်အတည်းနှင့် အလုပ်အကိုင်များရှားပါးနေကြကြောင်း၊ ထို့အပြင် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆေးနှင့် အခြားစားသောက်ကုန်များ၊ လောင်စာဆီများဖြစ်သည့် ဒီဇယ်ဆီ၊ ဓာတ်ဆီ စသည့်ကုန်ဈေးနှုန်းမြင့်မားနေသည့်ဒဏ်ကို ခံစားနေရကြောင်း၊ အခြေခံပြည်သူများ စားဝတ်နေရေး ပြေလည်စေရန်အတွက် လက်ရှိအစိုးရအနေဖြင့် ကုန်ဈေးနှုန်းများ ကျဆင်းလာစေရန် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**အခြေခံစားကုန်များကို**

**လုံလောက်စွာထုတ်လုပ်နိုင်ရေးဆောင်ရွက်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်မှာ စားရေရိက္ခာဖူလုံရေးဟူ၍ပါရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံစားကုန်များနှင့်ပတ်သက်ပြီး ကုန်ဈေးနှုန်းကျဆင်းရေးဆိုသည်မှာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည့်အတွက် အစိုးရအနေဖြင့် ဘယ်ဈေးနှင့်ရောင်းပါဟု ညွှန်ကြားခွင့်မရှိကြောင်း၊ သို့သော် အစိုးရအနေဖြင့် အခြေခံစားကုန်များကို လုံလောက်စွာထုတ်လုပ်နိုင်ရေးကို အားစိုက်ဆောင်ရွက်လျက်ရှိသဖြင့် ကုန်ဈေးနှုန်းကျဆင်းရေးဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အခြေခံစားကုန်များနှင့်ပတ်သက်ပြီး အာမခံချက်ရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံစားကုန်များ လက်ရှိဈေးနှုန်းထက်ကျဆင်းအောင် ထုတ်လုပ်နိုင်မည်ဟု မိမိတို့မျှော်လင့်ပါကြောင်း၊ လုပ်ဆောင်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **နိုင်ငံ့အကျိုးပြုမီဒီယာမှ သတင်းအယ်ဒီတာကိုခန့်**က လက်ရှိအစိုးရအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၊ အကြမ်းဖက်ပြုလုပ်ရန် လှုံ့ဆော်သူများကို ညင်သာစွာ ကိုင်တွယ်ဖြေရှင်းသည်ကိုလည်းတွေ့ရကြောင်း၊ အစိုးရအနေဖြင့် ထိုသို့ကိုင်တွယ်ဖြေရှင်းနေမှုသည် မိမိတို့ကိုးကွယ်ရာဖြစ်သော သာသနာပြုရဟန်းများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် ကြီးမားစွာအခက်အခဲဖြစ်စေကြောင်း၊ ဒလန်ဟု စွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ခံနေရကြောင်း၊ ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများနှင့် အကြမ်းဖက်မှုပြုလုပ်ရန် လှုံ့ဆော်သူများအပေါ် ပြစ်မှုပြစ်ဒဏ်များလျှော့ပေါ့ပေးမှုကြောင့် နိုင်ငံတော်အစိုးရ၏ တရားရေးစီရင်ရေးဆုံးဖြတ်မှုအပေါ်လည်း ပြည်သူများက အားမလိုအားမရဖြစ်နေကြောင်း၊ ရေရှည်တွင် ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအပိုင်း၊ တရားစီရင်ရေးအပိုင်းများတွင် ယုံကြည်မှုနည်းပါးလာနိုင်ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများနှင့် အကြမ်းဖက်မှုပြုလုပ်ရန် လှုံ့ဆော်သူများကို နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုပြစ်ဒဏ်များ လျှော့ပေါ့ပေးနေမှုများအား ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်းကိစ္စများနှင့် ပတ်သက်ပြီး ဝေဖန်ချက်များကိုလည်း တွေ့ရကြောင်း၊ တချို့ဝေဖန်ချက်များတွင် ပြစ်မှုပြစ်ဒဏ်များကိုလျှော့ပေါ့ပေးသည့်အတွက် ဝေဖန်ခံရမှုများလည်းတွေ့ရကြောင်း၊ တချို့လည်း အကြမ်းဖက်မှုများလုပ်ခဲ့သည့် လူများကို လွှတ်ပေးသည့်အတွက် ရင်ဖွင့်ခြင်းများလည်းရှိကြောင်း၊ ထို့ကြောင့် ယင်းရင်ဖွင့်သံ၊ ပြောသံ၊ ဆိုသံများကို မိမိတို့ကြားသိရသည်ဟု ပြောလိုကြောင်း၊ နှစ်ဆန်းတစ်ရက်နေ့ လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့်အချိန်တွင် မည်သူများ ပါ၊ မပါဆိုသည်ကို သတိပြုမိမည်ဖြစ်ကြောင်း၊ ယင်းကိစ္စများကို စတင်ပြီး ပြောင်းလဲဆောင်ရွက်လျက်ရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

■

# မွန်ဂိုလီးယား၌ ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောနှင့် စိုက်ပျိုးမြေ ၈၈၉၉၉၃ ဟက်တာပျက်စီး



**အူလန်ဘာတာ မေ ၃**

မွန်ဂိုလီးယားနိုင်ငံ၌ ယခုနှစ်အတွင်း လက်ရှိအချိန်အထိ တောမီးလောင်မှုများကြောင့် နိုင်ငံတစ်ဝန်းရှိ သစ်တောနှင့် စိုက်ပျိုးမြေ ၈၈၉၉၉၃ ဟက်တာပျက်စီးခဲ့ကြောင်း နိုင်ငံ၏ အမျိုးသား အရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီက မေ ၃ ရက်တွင် ပြောကြားသည်။

ယင်းသို့ တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးခဲ့သည့်ပမာဏသည် ပြီးခဲ့သည့်နှစ် အလားတူကာလကထက် ၃၁ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုမြင့်တက်မှုရှိခဲ့ကြောင်းနှင့် တောမီးလောင်မှုကြောင့် ပျက်စီးခဲ့သည့် သစ်တောနှင့် စိုက်ပျိုးမြေပမာဏ တိုးလာရခြင်းမှာ ခြောက်သွေ့သောရာသီဥတု အခြေအနေနှင့် လူများ၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ကြောင်း မွန်ဂိုလီးယား အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှု အေဂျင်စီက ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံ၏ မီးသတ်သမားများသည် မေ ၂ ရက် မွန်းလွဲပိုင်းက ဘူလ်ဂန်ပြည်နယ်၌ ဖြစ်ပွားခဲ့သော တောမီးလောင်မှုကို ငြိမ်းသတ်ရန် မေ ၃ ရက်အထိ ကြိုးစားဆောင်ရွက်နေရဆဲ ဖြစ်ကြောင်းလည်း မွန်ဂိုလီးယားအမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီက ဆက်လက်ပြောကြားသည်။

မွန်ဂိုလီးယားပြည်သူများအနေဖြင့် လက်ရှိဖြစ်ပေါ်လျက်ရှိသည့် ခြောက်သွေ့သည့်ရာသီဥတု အခြေအနေတွင် တောမီးရှို့ခြင်းနှင့် သောက်သုံးပြီး စီးကရက်များ စွန့်ပစ်ခြင်းများ မပြုလုပ်ရန် မွန်ဂိုလီးယား အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှု အေဂျင်စီက သတိပေးထားသည်။

မွန်ဂိုလီးယားနိုင်ငံ၏ ရာသီဥတုအခြေအနေသည် နွေဦးရာသီတွင် ခြောက်သွေ့ကာ လေထန်တတ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၁၁၃၁ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၃**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၁၁၃၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၇၃၄၆၇၅၃ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေး အာဏာပိုင်များက မေ ၃ ရက်တွင် ပြောကြားသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၂၃၀၀၇ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၄၉၄၆၉ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၁၃၇၈၉၄ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၆ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**





# ရှားပါးမျိုးစိတ်ဝင်အပင်နှင့် တိရစ္ဆာန်ဆိုင်ရာ အချက်အလက်အက်ပလီကေးရှင်း ဩစတြေးလျတီထွင်

**ဆစ်ဒနီ မေ ၃**

ဩစတြေးလျနိုင်ငံ ဒေသအသီးသီးမှ ရှားပါးမျိုးစိတ်ဝင်အပင်များနှင့် တိရစ္ဆာန်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပြည့်စုံစွာရှာဖွေနိုင်မည့် အက်ပလီကေးရှင်းတစ်ခုကို ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ်က တီထွင်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ရှားပါးမျိုးစိတ်ဝင်အပင်များ၊ တိရစ္ဆာန်များနှင့်ပတ်သက်သည့် အချက်အလက်များပြည့်စုံစွာ ရှိနေသော်လည်း နိုင်ငံသားများအား အဆိုပါအချက်အလက်များ ဖြန့်ဖြူးပေးရန် မလွယ်ကူကြောင်း အဆိုပါတက္ကသိုလ်မှ သုတေသီဂါရက်ကင်လာက ပြောကြားသည်။

နိုင်ငံသားများအနေဖြင့် မိမိတို့ဒေသ၏ စာပို့သင်္ကေတအား အဆိုပါ အက်ပလီကေးရှင်းတွင် ရိုက်နှိပ်ထည့်သွင်းလိုက်ပါက ရှားပါးမျိုးစိတ်ဝင်အပင်များနှင့် တိရစ္ဆာန်များဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာသိရှိနိုင်မည်ဖြစ်သည်။

ထို့ပြင်၎င်းအပင်များနှင့် တိရစ္ဆာန်များ မျိုးတုံးပျောက်ကွယ်မည့်အရေးနှင့် ရင်ဆိုင်နေရသည့် ခြိမ်းခြောက်မှုဆိုင်ရာ အကြောင်းအရာများကိုလည်း သိရှိရမည်ဖြစ်သည်။ လက်ရှိတွင် နိုင်ငံအတွင်းရှိ အပင်နှင့်တိရစ္ဆာန်မျိုးစိတ် ၁၇၀၀ မှာ မျိုးတုံးပျောက်ကွယ်နိုင်သည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ၎င်းအပင်များနှင့် တိရစ္ဆာန်များအား ထိမ်းသိမ်းစောင့်ရှောက်မှုမပြုလုပ်ပါက နှစ် ၃၀ မှ ၅၀ အတွင်း မျိုးတုံး ပျောက်ကွယ်သွားနိုင်ကြောင်း ပါမောက္ခဂျိန်းစ်ဝက်ဆင်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၇၀၉ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း မေ ၃**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၇၀၉ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ယင်းကူးစက်ခံရသူအရေအတွက်သည် မေ ၂ ရက်တွင် ကူးစက်ခံရသူအရေအတွက်ထက် ၄၁၃ ဦးအထိ လျော့ကျမှုရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

**ပြောကြား**

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၀၆၅၉၃၅၈ ဦးရှိကြောင်း၊ အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၃၀၄၄ ဦးရှိကြောင်းနှင့် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၉၂၆၇၂၈၁ ဦးရှိပြီး ၎င်းအရေအတွက်သည် ကူးစက်ခံရသူစုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၅ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်းနှင့် အဆိုပါနိုင်ငံအတွင်း အသုံးပြုခဲ့သည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများအနက် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၉၆ ဒသမ ၁ သန်းနီးပါး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# အစ္စရေးနိုင်ငံက ဆိုက်ဘာလုံခြုံရေးမြှင့်တင်ဆောင်ရွက်မည်

**ဂျေရုဆလင် မေ ၃**

အစ္စရေးနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးကိုမြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် နိုင်ငံအတွင်းရှိ ဆက်သွယ်ရေးကုမ္ပဏီများအား အစ္စရေးနိုင်ငံ ဆက်သွယ်ရေးဝန်ကြီး ရိုဟန်ဒါနှင့် အမျိုးသားဆိုက်ဘာညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဂေဘီပို့န္ဒိုင်တို့က ညွှန်ကြားခဲ့သည်။

**ထုတ်ပြန်ခဲ့**

မကြာသေးမီက နိုင်ငံအတွင်းရှိ ဝက်ဘ်ဆိုက်များနှင့် ကွန်ပျူတာကွန်ရက်များအား ဆိုက်ဘာတိုက်ခိုက်မှု ကြုံတွေ့ခဲ့ပြီးနောက် ယင်းညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်း ထပ်မံကြုံတွေ့လာနိုင်သည့် ဆိုက်ဘာတိုက်ခိုက်မှုများကို တိုက်ဖျက်နိုင်ရန် ဆိုက်ဘာလုံခြုံရေးစနစ်ကို အဆင့်မြှင့်တင်ရမည်ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ညွှန်ကြားချက်အရသိရသည်။ ပြီးခဲ့သည့်လအတွင်းက အစ္စရေးနိုင်ငံရှိဝက်ဘ်ဆိုက်များတွင် ဆိုက်ဘာတိုက်ခိုက်မှုများ ဖြစ်ပွားသဖြင့် နိုင်ငံအတွင်းရှိဝက်ဘ်ဆိုက်များ၏ လုပ်ငန်းဆောင်ရွက်ချက်များ ကျဆင်းခဲ့ကြောင်း သိရသည်။

ယခုဆောင်ရွက်မည့် ဆိုက်ဘာလုံခြုံရေးအစီအစဉ်တွင် ဆိုက်ဘာဆက်သွယ်ရေးကွန်ရက်ကာကွယ်ရေး၊ ဆိုက်ဘာတိုက်ခိုက်မှုစောင့်ကြည့်ရေးနှင့် သတင်းအချက်အလက်လုံခြုံရေးတို့ကို အဓိကထား ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ပင်လောင်းနှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၃

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက်တွင် ပင်လောင်းမြို့ ရင်းမှီးရပ်ကွက်ရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် Hiace အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၉ ကီလိုကိုလည်းကောင်း၊ အလားတူ မေ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁၂)ရပ်ကွက် အေးသာယာ-ညောင်ရွှေကားလမ်းတွင် မနန်းပေးကို ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၈၂ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society
ကမ္ဘာ့ကြက်ခြေနီနေ့
World Red Cross Day
# ကြင်နာစိတ်ထား ကြက်ခြေနီများ လူတိုင်းအပေါ် ကူညီသွား
#Be Human KIND
၂၀၂၂ ခုနှစ်၊ မေလ(၈)ရက်။

## တရားမဝင် ကျွန်းသစ်၊ လူသုံးကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၃

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ် တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် အချိုမှုန့်ထုပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိသည့် လျှပ်စစ်ပစ္စည်းများအား တွေ့ရစဉ်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၇၆၃၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းသစ် သုည ဒသမ ၃၂၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂ ရက်နှင့် ၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲသုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၁၇၈၀၀၀)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ရပ်စောက်မြို့နယ် မြို့မဈေးသမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများအား စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေး

ရပ်စောက် မေ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်ရှိ မြို့မဈေးသမဝါယမအသင်းလီမိတက်မှ အသင်းသားပြည်သူများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေးခြင်းကို မေ ၁ ရက်က အဆိုပါအသင်းရုံးခန်း၌ ကျင်းပခဲ့သည်။

ထို့နောက် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၁၄၉ ဒသမ ၉၉ သိန်းအား အသင်းဒါရိုက်တာအဖွဲ့မှ အသင်းသား ၅၅၉ ဦးသို့ လက်ဝယ်အရောက် ထုတ်ပေးခဲ့သည်။ အသင်းဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများစည်းလုံးမှု၊ ကြိုးစားဆောင်ရွက်မှုများကြောင့် အသင်း၏ငွေစုငွေချေးလုပ်ငန်းများ တိုးတက်အောင်မြင်ပြီး အသင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ “စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲ၍ ကိုရင်ငယ်နှစ်ပါး သေဆုံးကာ ကိုရင်ငယ်တစ်ပါး ဒဏ်ရာရရှိမှု” ခေါင်းစဉ်ဖြင့် မေ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “လူငယ်များရဲ့ ပညာသင်ကြားရေးကို ခြိမ်းခြောက်နေသော အနာဂတ်ကို အညွန့်ချိုးနေတဲ့ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများ” ဆိုသည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၅-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၃၀ စိုက်ပျိုးရေးရာအဖြေရှာ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ ခေတ်အဆက်ဆက် မီးဘေးကာကွယ်ရေး ဆောင်ရွက်ခဲ့သော ရှေးဟောင်းမီးသတ်ယာဉ်များ
၁၁:၃၀ MRTV National News
၁၁:၅၅ MRTV Media Mobile Application (MRTV App & Web)စတင်ဖွင့်လှစ်ခြင်း အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု
၁၆:၃၅ အသိပညာနှင့်အမှန်တရား 'ဘဝထဲက ကမ္ဘာ၊ ကမ္ဘာထဲက ဘဝ' (အပိုင်း-၁)
၁၇:၁၀ ခေတ်အလိုက်ကြေးမုံပြင် 'ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း'
၁၇:၃၀ ယဉ်ကျေးမှုနှင့် သဘာဝအလှတေးဖွဲ့သီရာ ကျောက်တ္တရားကျေးရွာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချိတက်' (အပိုင်း-၃၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ် စုံစမ်းဇော်ထုတ်' (အပိုင်း-၁၉)

**mitv**

07:02 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
07:10 Myanmar Cultural Identities (Hintha or Hamsa)
07:34 Let's taste "Sabuti"
07:41 The Lives of Stone Slab and Mortar Makers
08:01 Myanmar Paper Toys
08:07 Moyingyi Wildlife Sanctuary
08:26 Ecotourism: Naga Traditional Customs
08:46 Traditional Thatch Roof - Thet Nge
09:01 News
09:26 Global Partnership for Brighter Future: Australia Pavilion at Expo 2020 Dubai
09:33 The Firefighter
09:43 Finding Ways for Coexistence between People and Elephants

**MRTV NRC**

အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)
အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
ရာသီပန်းကလေး ပွင့်လန်းလို့မွှေး
ချင်း (လိုင်းဇိုး) (၀၈:၀၀ မှ ၀၉:၀၀)
သံပရာခွံအရန်ဟင်းချက်ပြုတ်နည်း
ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)
ချင်းရိုးရာကြိမ်ထိုင်ခုံပြုလုပ်ခြင်း
မွန် (၁၀:၀၀ မှ ၁၂:၀၀)
မွန်ရိုးရာ ခေါက်မုန့်ပြုလုပ်နည်း
ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာ့ရိုးရာအိမ်ကလေး
ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)
MRTV Media Mobile Application (MRTV App & Web)စတင်ဖွင့်လှစ်ခြင်း အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု
ဝ (၁၆:၀၀ မှ ၁၈:၀၀)
မြေအိုးပြုလုပ်နည်း
ကချင် (၁၈:၀၀ မှ ၂၀:၀၀)
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ
ကယား (၂၀:၀၀ မှ ၂၂:၀၀)
ကယားတိုင်းရင်းသားများရဲ့တဘိုး(ခေါ်) တားမြစ်ချက်
ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)
ဝညီနောင်တို့ရဲ့ သီးခြားကမ္ဘာလေးဆီသို့

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၅၅ MRTV Media Mobile Application (MRTV App & Web)စတင်ဖွင့်လှစ်ခြင်း အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)(အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ နှစ်ရှည်ဝင်ငွေတိုးစေဖို့ စပျစ်စိုက်ကြစို့
၀၇:၀၀ တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့်ဘဝရှင်သန်ခြင်း
၀၇:၁၀ သေချာစိုက်ပျိုးကော်ဖီသီးနံ့ဝင်ငွေတိုး
၀၈:၂၅ ခေတ်မီမီ အရည်အသွေးကောင်းရောင်းပန်းလှ
၀၉:၀၀ ပြီးပန်းဝေဖြာတို့တောရွာမြက်ပျိုးခင်း
၀၉:၂၀ ပဲစိုက်တောင်သူများသုံးစွဲသင့်သည့် ပဲမြစ်ဖုဇီဝမြေဩဇာ

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME
Education Channel ကို နေ့စဉ်တနင်္ဂနွေမှအစ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Free Online Certificate Courses များ ဖွင့်လှစ်မည်

**သန်လျင် မေ ၃**

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများကို သိရှိနားလည်စေရန်၊ စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန်နှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများကို စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများနှင့် တတ်သိနားလည်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် အောက်ပါ Free Online Certificate Courses များကို မေ ၁၂ ရက်မှစ၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည် -

- Certificate in Business Law
  Link; https://forms.gle/at6hi709RYmGKUuEA
- Certificate of Proficiency in Business English
  Link; https://forms.gle/vS7tkQocBycokfuB7
- Certificate in Entrepreneurship and Business Management
  Link; https://forms.gle/QDqWkDmCDU1xTjbF6

အဆိုပါသင်တန်းများသို့ တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ Link များမှတစ်ဆင့် Google Form ဖြင့် ဖြည့်စွက်ပြီး မေ ၁၀ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# တိုက်ကြီးမြို့နယ်၌ ရွှေသုခဘိုးဘွားရိပ်သာသစ် ဖွင့်လှစ်

**တိုက်ကြီး မေ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု လသာကုန်းကျေးရွာတွင် ရွှေသုခဘိုးဘွားရိပ်သာသစ် ဖွင့်လှစ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ ရွှေသုခဘိုးဘွားရိပ်သာသစ်မုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ရွှေသုခဘိုးဘွားရိပ်သာသစ် ဖွင့်ပွဲသို့ တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးကြီး မင်းဇော်၊ ရန်ကုန်မြောက်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်၊ တိုက်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ကြီးကြပ်ရေးအဖွဲ့များ၊ လူမှုရေးအဖွဲ့များ၊ ရန်ကုန်မြို့မှ အလှူရှင်မိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ ထို့နောက် တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများက ရွှေသုခဘိုးဘွားရိပ်သာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး သံဃာတော်အရှင်သူမြတ် အပါး ၅၀ အား နေ့ဆွမ်း၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် ရွှေသုခဘိုးဘွားရိပ်သာသစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို အလှူရှင်များက တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး



ဘိုးဘွားရိပ်သာလည်ပတ်နိုင်ရေးအတွက် ငွေကျပ် ၁၀ သိန်းဖြင့် ငွေပဒေသာပင်စိုက်ထူကာ အဘိုး ၁၀ ဦးနှင့် အဘွား ၂၀ စတင်လက်ခံထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အရေးယူခံရမည်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကျောင်းအိုးရပ်ကွက်နေ ဟေမာန်ဦးသည် ၎င်းအသုံးပြုသည့် “Hay Mum” Facebook အကောင့်နှင့် “Mike Chale” Facebook အကောင့်၊ ပဲခူးမြို့နယ် ဥသ္သာမြို့သစ် (၇)ရပ်ကွက်နေ အေးသူဇာသည် ၎င်းအသုံးပြုသည့် “Aye Thuzar” Facebook အကောင့်၊ နတ်တလင်းမြို့နယ် လှပခြင်းကျေးရွာနေ အုန်းသန်းနှင့် အောင်မြိုင်ထွန်း(ခ)အောင်မြိုင်တို့သည် ၎င်းတို့အသုံးပြုသည့် “Ohm Than” Facebook အကောင့်နှင့် “Aung Mying” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ရေထွက်ကျေးရွာနေ ထင်လင်းအောင်(ခ)ထင်ကြီးသည် ၎င်းအသုံးပြုသည့် “Htin Linn Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ နိုင်ဝဏ္ဏလင်း(ခ)ဝဏ္ဏသည် ၎င်းအသုံးပြုသည့် “Naing Wuna Linn” Facebook အကောင့်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ ကျော်ကျော်အောင်(ခ)ကျော်ကြီးသည် ၎င်းအသုံးပြုသည့် “Kyaw Gyi” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ဆက်လက်ဖော်ထုတ်အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❒ ကျောဖုံးမှ**

ထိုသို့ သွားရောက်စစ်ဆေးခဲ့ရာ မေ ၁ ရက် ည ၁၀ နာရီတွင် ရေစကြိုမြို့နယ် စည်သာစံပြကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အင်အား(စိစစ်ဆဲ)က လက်လုပ်လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အဆိုပါကျေးရွာနေ ဦးသိန်းရွှေ(စိစစ်ဆဲ)၏ နေအိမ်ပေါ်သို့ လက်လုပ်လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် နေအိမ်အတွင်းရှိနေသူများဖြစ်သည့် ဦးသိန်းရွှေ၏ အစ်မဖြစ်သူ ဒေါ်စန်းရွှေ(၄၆)နှစ် (ဘ)ဦးကျောက်စိန်နှင့် သားဖြစ်သူ မောင်ကောင်းခန့်သူ (၆)နှစ် (ဘ)ဦးသိန်းရွှေတို့တွင် ရင်ဘတ်ပွင့်ထွက်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး သမီးဖြစ်သူ မသူဇာဦး(၁၂)နှစ်နှင့် ဇနီးဖြစ်သူ ဒေါ်ခင်အေးမာ(၃၀)နှစ် (ဘ) ဦးရာရွှေတို့တွင် လက်နက်ကြီးကျည်စ ထိမှန်ဒဏ်ရာများရရှိထားသည်ကို တွေ့ရှိရသဖြင့် ဆေးဝါးကုသနိုင်ရေး ပခုက္ကူမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။





အထက်ပါဖြစ်စဉ်မှ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနှင့် မြို့/ရွာများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာများရရှိစေသူ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံတပ်မတော် စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်ဒေသရေရှားပါးကျေးရွာများကို သောက်သုံးရေဖူလုံစွာ ရရှိရေးဆောင်ရွက်

မင်းခန့်စိုး

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရေချိန်နည်းလာခြင်း၊ မိုးရွာသွန်းမှုနည်းလာခြင်း၊ ရေတွင်းရေကန်များခန်းခြောက်ခြင်း၊ စိမ့်စမ်းများရေထွက်နည်းလာခြင်း စသည့်ပြဿနာများနှင့် ကြုံတွေ့ခဲ့ရပြီး နွေရာသီတွင် ကျေးရွာအချို့၌ သောက်သုံးရေရှားပါးပြတ်လပ်မှု ဖြစ်ခဲ့ရသည်။

ရေရှားပါးပြတ်လပ်မှုကို ဖြည့်ဆည်းပေးနိုင်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေတိုရေရှည်စီမံချက်များ ချမှတ်ကာ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ လုပ်ငန်းပေါင်း ၃၅၈၅၀ ကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ် ရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၃၀၈၃ ရွာတွင် ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း ၃၁၄၃ ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့ ကျေးလက်ရေရရှိရေး ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကလည်း တောင်ကြီးခရိုင်အတွင်း မြို့နယ်များတွင် ရေရှားပါးပြတ်လပ်မှုကိုဖြည့်ဆည်းပေးနိုင်ရန် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေများဖြင့် နွေရာသီရေရှားပါးကျေးရွာများဖြစ်သည့် ပင်လောင်းမြို့နယ်ရှိ ဝါးလီကျေးရွာအပါအဝင် ကျေးရွာ ၁၀ ရွာ၊ ပင်းတယမြို့နယ်ရှိ ကျေးရွာ လေးရွာနှင့် ကလောမြို့နယ်ရှိ ကျေးရွာ သုံးရွာတို့တွင် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်မှာ အောင်မြင်မှု မှတ်တိုင်တစ်ခု ဖြစ်ခဲ့သည်။

**ပင်လောင်းမြို့နယ်၌ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်မှု**

နွေရာသီ ရေရှားပါးကျေးရွာများဖြစ်သည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တောင်ထီဗွာကျေးရွာအုပ်စု ကျေးရွာ ကိုးရွာနှင့်ဘန့်ဘာကျေးရွာအုပ်စု ကျေးရွာတစ်ရွာ စုစုပေါင်း ကျေးရွာ ၁၀ ရွာတွင် အိမ်ခြေ ၈၇၉ အိမ်၊ လူဦးရေ ၄၅၀၀ တို့ နေထိုင်ကြသည်။



ပင်းတယမြို့နယ် ကျေးရွာ ငါးရွာအတွက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ပင်လောင်းမြို့နယ် ဝါလီကျေးရွာ၌ နှစ်လက်မ PVC ရေဖြန့်ဝေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ယခင်က ပင်လောင်းမြို့နယ် တောင်ထီဗွာ ကျေးရွာအုပ်စုအတွင်းရှိ နန်းပန်း ညောင်ပင်ကျေးရွာ၊ နန်းပန်းလုံးပျဉ်ကျေးရွာ၊ နန်းပန်းတောင်ကျေးရွာနှင့် နန်းပန်းမြောက်ကျေးရွာ လေးရွာတို့သည် အနိမ့်ပိုင်းရှိ နန်းပန်းရေထွက်မှရေကို အမြင့်တင် ရေပေးရေးစနစ်ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြသော်လည်း အောင်မြင်မှုမရှိခဲ့သည့်အတွက် မိုးရာသီကာလတွင် ကိုယ်ပိုင်မိုးရေလှောင်ကန်များဖြင့် သုံးစွဲခဲ့ရပြီး နွေရာသီကာလတွင် ရေလုံလောက်မှု မရှိသောကြောင့် တစ်မိုင်ခွဲခန့်ဝေးသော နန်းပန်းရေထွက်သို့ သွားရောက်ကာ သယ်ယူသုံးစွဲခဲ့ကြရသည်။

တောင်ထီဗွာကျေးရွာအုပ်စု အတွင်းရှိ ဝါးလီ၊ သိန်းတောင်ဒိန်၊ ဘုရားကုန်း၊ ဆောင်းထံတောင်၊ ဆောင်းထံမြောက် ကျေးရွာ ငါးရွာတို့သည်လည်း အနီးဝန်းကျင်တွင် ရေထွက်ပင်ရင်း မရှိသောကြောင့် ကိုယ်ပိုင်မိုးရေလှောင်ကန်ငယ်များဖြင့် ရေသိုလှောင်သုံးစွဲခဲ့ကြပြီး နွေရာသီကာလများတွင် သောက်သုံးရေဝယ်ယူသုံးစွဲခဲ့ကြရသည်။ ထို့အတူ ဘန့်ဘာကျေးရွာအုပ်စုအတွင်းရှိ ဘူးဝါး ကျေးရွာသည် ခေတ်အဆက်ဆက် ကိုယ်ပိုင် မိုးရေလှောင်ကန်များဖြင့်သာ သုံးစွဲခဲ့ကြပြီး နွေရာသီကာလများတွင် သောက်သုံးရေ ဝယ်ယူသုံးစွဲခဲ့ကြသည်။



ပင်လောင်းမြို့နယ် ကျေးရွာ ၁၀ ရွာအတွက် ရေစစ်ကန်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

ယခုအခါ ပင်လောင်းမြို့နယ် အတွင်းရှိ နွေရာသီရေရှားပါးကျေးရွာများတွင် သောက်သုံးရေရရှိရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကြီးကြပ်မှုဖြင့် အလျား ရှစ်ပေ၊ အနံ ၂၄ ပေ၊ အမြင့် ရှစ်ပေ ရှိသည့် ငါးခန်းတွဲ ရေစက်ရုံ တစ်ခု တည်ဆောက်ခြင်း၊ အလျား ရှစ်ပေ၊ အနံ ရှစ်ပေ၊ အမြင့် ခြောက်ပေ ရှိသည့် ရေစစ်ကန်နှင့် ရေမြောင်းများ ဆောင်ရွက်ခြင်း၊ ရေဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်နှင့် ရေဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်များ တည်ဆောက်ခြင်း၊ ရေထွက်မှ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် အမြင့်တင် ရေပိုက်လိုင်းများ၊ မီးလိုင်းများ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ရေလိုအပ်ချက်များကို ဖြည့်တင်းပေးခဲ့ရာ တစ်ရက် ရေဂါလန် ၇၆၅၀၀ ကို ပေးဝေနိုင်၍ အိမ်သုံးရေမီတာစနစ်ဖြင့် သုံးစွဲနိုင်ပြီဖြစ်သည်။

**ပင်းတယမြို့နယ်၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မှု**

ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တမဲကျေးရွာအုပ်စု အင်းပက်လက်ကျေးရွာနှင့် နန်ပလန်ကျေးရွာ၊ သစ်အယ်ပင်ကျေးရွာအုပ်စု သရက်ပြားကျေးရွာနှင့် သစ်အယ်ပင်ကျေးရွာ လေးရွာတို့သည် နွေရာသီရေရှားပါးကျေးရွာများဖြစ်ကြသည်။

ယခင်က ပင်းတယမြို့နယ် အင်းပက်လက်ကျေးရွာသည် ကိုယ်ပိုင်မိုးရေလှောင်ကန်ဖြင့်သာ သုံးစွဲကြရပြီး နွေရာသီကာလတွင် ရေလုံလောက်မှုမရှိသောကြောင့် တစ်မိုင် နှစ်ဖာလုံခန့်ကွာဝေးသော ကလောမြို့နယ်အတွင်းရှိ ချယ်ရီမြိုင် တောရကျောင်းအတွင်းရှိ စက်ရေတွင်းမှ အလှည့်ကျ သွားရောက်ခပ်ယူသုံးစွဲခဲ့ရသည်။

နန်းပလန် ကျေးရွာသည်လည်း ကိုယ်ပိုင်မိုးရေလှောင်ကန်ဖြင့်သာ သုံးစွဲခဲ့ရပြီးနွေရာသီကာလတွင် ရေလုံလောက်မှုမရှိသောကြောင့် တစ်မိုင်သုံးဖာလုံခန့်ကွာဝေးသော ကလောမြို့နယ်အတွင်းရှိ ချယ်ရီမြိုင်တောရကျောင်းအတွင်းရှိ စက်ရေတွင်းမှ အလှည့်ကျသွားရောက် ခပ်ယူသုံးစွဲခဲ့ရသည်။

စာမျက်နှာ ၁၇ သို့ *



ကလောမြို့နယ် မြောက်မြေခြားကျေးရွာနှင့် တောင်ပတ်ကျေးရွာ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

**" ပင်လောင်းမြို့နယ်အတွင်းရှိ နွေရာသီရေရှားပါးကျေးရွာများတွင် သောက်သုံးရေရရှိရေးအတွက် အလျား ရှစ်ပေ၊ အနံ ၂၄ ပေ၊ အမြင့် ရှစ်ပေရှိသည့် ငါးခန်းတွဲ ရေစက်ရုံတစ်ခု တည်ဆောက်ခြင်း၊ အလျား ရှစ်ပေ၊ အနံ ရှစ်ပေ၊ အမြင့် ခြောက်ပေရှိသည့် ရေစစ်ကန်နှင့် ရေမြောင်းများ ဆောင်ရွက်ခြင်း၊ ရေဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်နှင့် ရေဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်များ တည်ဆောက်ခြင်း၊ ရေထွက်မှ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် အမြင့်တင် ရေပိုက်လိုင်းများ၊ မီးလိုင်းများ တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ရေလိုအပ်ချက်များကို ဖြည့်တင်းပေးခဲ့ရာ တစ်ရက် ရေဂါလန် ၇၆၅၀၀ ကို ပေးဝေနိုင်၍ အိမ်သုံးရေမီတာစနစ်ဖြင့် သုံးစွဲနိုင်ပြီဖြစ် "**

* စာမျက်နှာ ၁၆ မှ

ထို့အတူ သရက်ပြားကျေးရွာသည် မိုးရာသီနှင့် ဆောင်းရာသီကာလများတွင် ကိုယ်ပိုင်မိုးရေလှောင်ကန်နှင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်သည့် စိမ့်စမ်းမှ ရေရယူသုံးစွဲခဲ့သည်။ နွေရာသီကာလတွင်စိမ့်စမ်းရေထွက်မှာ ခန်းခြောက်သွားသောကြောင့် တစ်မိုင်ခန့်ကွာဝေးသော ကလောမြို့နယ်အတွင်းရှိ ချယ်ရီမြိုင်တောရကျောင်းအတွင်းရှိ စက်ရေတွင်းမှ အလှည့်ကျသွားရောက် ခပ်ယူသုံးစွဲခဲ့ရသည်။

သစ်အယ်ပင်ကျေးရွာသည်လည်း ကိုယ်ပိုင်မိုးရေလှောင်ကန်နှင့် အလှူရှင်ဖြင့် တူးဖော်ပေးထားသည့် လေးလက်မစက်ရေတွင်းမှရေကို သုံးစွဲခဲ့ရသည်။ နွေရာသီကာလတွင် စက်ရေတွင်း၏ ရေထွက်နှုန်းနှင့် ကျေးရွာ၏သုံးစွဲမှုမှာ မျှတမှုမရှိသောကြောင့် သုံးမိုင်ခန့်ကွာဝေးသော ကလောမြို့နယ်အတွင်းမှ ချယ်ရီမြိုင်တောရကျောင်း အတွင်းရှိ စက်ရေတွင်းမှ အလှည့်ကျသွားရောက် ခပ်ယူသုံးစွဲခဲ့ရသည်။

ယခုအခါ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ နွေရာသီ ရေရှားပါးကျေးရွာများတွင် သောက်သုံးရေရရှိရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းပက်လက်အပါအဝင် ကျေးရွာ ငါးရွာတွင် စုပေါင်းရေရရှိရေးလုပ်ငန်းများ အမြင့်တင်စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့သည်။ နွေရာသီ ရေရှားပါးကျေးရွာဖြစ်သည့် အင်းပက်လက်၊ နန်ပလန်၊ သရက်ပြား၊ သစ်အယ်ပင်၊ ဘော်ဆို (ကလော) ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ အမှတ်(၁)နှင့် အမှတ်(၂) စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက် ခြင်း၊ ရေစုကန် ဂါလန် ၂၀၀၀၀ ဆံ့ တည်ဆောက်ခြင်း၊ ရေဖြန့်ဝေကန် ဂါလန် ၃၀၀၀၀ ဆံ့ တည်ဆောက်ခြင်း၊ ကျေးရွာရေစုကန် ဂါလန် ၁၀၀၀၀ ဆံ့နှင့် ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်း၊ ရေတင်ပိုက်လိုင်း တူးဖော်ခြင်း၊ ကျေးရွာချင်းဆက် ပိုက်လိုင်းများ တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ အိမ်တိုင်ရာရောက် ရေမီတာ တပ်ဆင်စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အချိန်တွင် အဆိုပါ ကျေးရွာငါးရွာ စုပေါင်း ရေပေးရေး လုပ်ငန်းသည် အိမ်ခြေ ၈၅၀၊ လူဦးရေ ၃၈၉၈ ဦးအတွက် သောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်ပြီး ရေလိုအပ်ချက်များကို ဖြည့်တင်းပေးခဲ့သည်။


ကလောမြို့နယ် မြောက်မြေခြားကျေးရွာနှင့် တောင်ပတ်ကျေးရွာ စုပေါင်းရေရရှိရေးလုပ်ငန်း ဆောင်ရွက်စဉ်။

**ကလောမြို့နယ်၌**
**ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မှု**

နွေရာသီ ရေရှားပါးကျေးရွာများဖြစ်သည့် ကလောမြို့နယ် ဘော်ဆိုင်းကျေးရွာအုပ်စု ဘော်ဆိုကျေးရွာ၊ သီခေါင်ကျေးရွာအုပ်စု မြောက်မြေခြားကျေးရွာနှင့် တောင်ပတ်ကျေးရွာတို့တွင် အိမ်ခြေ ၂၆၀၊ လူဦးရေ ၁၀၆၃ ရှိသည်။

ယခင်က ကလောမြို့နယ် ဘော်ဆိုကျေးရွာ၊ မြောက်မြေခြားကျေးရွာနှင့် တောင်ပတ်ကျေးရွာတို့သည် သောက်ရေအတွက် ကိုယ်ပိုင်မိုးရေလှောင်ကန်နှင့် သုံးရေအတွက် မြေသားကန်မှရေကို သုံးစွဲခဲ့ရသည်။ ဘော်ဆိုကျေးရွာသည် နွေရာသီကာလတွင် ရေမလုံလောက်မှုကြောင့် နှစ်မိုင်ခန့် ကွာဝေးသော ကလောမြို့နယ်အတွင်းရှိ ချယ်ရီမြိုင်တောရကျောင်းအတွင်းရှိ စက်ရေတွင်းမှ အလှည့်ကျ သွားရောက်ခပ်ယူ၍လည်းကောင်း၊ မြောက်မြေခြားကျေးရွာနှင့် တောင်ပတ်ကျေးရွာများသည် နွေရာသီကာလတွင် ရေလုံလောက်မှုမရှိသောကြောင့် သောက်သုံးရေအတွက် ဝယ်ယူ၍လည်းကောင်း သုံးစွဲခဲ့ကြရသည်။

ယခုအခါ ကလောမြို့နယ်အတွင်းရှိ နွေရာသီရေရှားပါး ကျေးရွာများတွင် သောက်သုံးရေရရှိရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောက်မြေခြားနှင့် တောင်ပတ်ကျေးရွာနှစ်ရွာ စုပေါင်းရေရရှိရေးအနေဖြင့် စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ စက်ရေတွင်းအနီး ရေစုနိုင်ရန် ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်နှင့် မြောက်မြေခြားကျေးရွာတွင် ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်အား မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် တည်ဆောက်ခြင်း၊ တောင်ပတ်ကျေးရွာတွင် ကိုယ်ထူကိုယ်ထ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်း၊ ရေတင်ပိုက်လိုင်းတူးဖော်ခြင်း၊ ကျေးရွာတွင်း ဖြန့်ဝေပိုက်လိုင်းများ ဆောင်ရွက်ပြီး ရေမီတာ တပ်ဆင်အသုံးပြုကာ ရေလိုအပ်ချက်များကို ဖြည့်တင်းပေးခဲ့သည်။ ဘော်ဆိုကျေးရွာတွင် ပင်းတယမြို့နယ်မှ ကျေးရွာလေးရွာ၊ ကလောမြို့နယ်မှ ဘော်ဆိုကျေးရွာ တစ်ရွာအပါအဝင် ကျေးရွာငါးရွာ စုပေါင်းရေပေးရေးလုပ်ငန်းမှတစ်ဆင့် ရွာတွင်းဖြန့်ဝေပိုက်လိုင်းများ တူးဖော်ဆောင်ရွက်ပြီး ရေမီတာတပ်ဆင်အသုံးပြုကာ ရေလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ဖယ်ခုံမြို့နယ်၌**
**ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မှု**

နွေရာသီ ရေရှားပါးကျေးရွာများဖြစ်သည့် ဖယ်ခုံမြို့နယ် ရီနွဲ့ကျေးရွာအုပ်စုရှိ ကျေးရွာ ၂၀ တို့တွင် အိမ်ခြေ ၁၆၆၅၊ လူဦးရေ ၈၃၈၄ ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဖယ်ခုံမြို့နယ် ရီနွဲ့ကျေးရွာအုပ်စုရှိ ကျေးရွာ ၂၀ ကို နွေရာသီကာလများတွင် သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် စလောင်းတောင်ကုန်းပေါ်တွင် ဂါလန် ၅၀၀၀၀ ဆံ့ ရေဖြန့်ဝေကန်တည်၍ စလောင်းရေထွက်တွင် ရေတားတမံ၊ ရေယူကန်၊ ရေခေါ်မြောင်းနှင့် ရေစက်ရုံများတည်ဆောက်ကာ ပထမအဆင့်အနေဖြင့် ပေ ၃၁၀၀ ကွာဝေးပြီး အမြင့် ၅၉၁ ပေရှိသောနေရာတွင် ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်သို့ အမြင့်တင်စနစ်ဖြင့် ရေများတင်ပို့သည်။

ထိုမှတစ်ဆင့် ပထမအဆင့် ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်နေရာတွင် ရေစက်ရုံ ထပ်မံတည်ဆောက်၍ ပေပေါင်း ၄၉၂ ပေကွာဝေးပြီး အမြင့် ၈၃၇ ပေတွင်ရှိသော ဂါလန် ၅၀၀၀၀ ဆံ့ ရေဖြန့်ဝေကန်သို့ ရေများတင်ပို့ရသည်။ စလောင်းရေထွက်မှ ပထမအဆင့် ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်သို့ တစ်နာရီလျှင် ရေဂါလန် ၄၅၀၀ ခန့်၊ ဒုတိယအဆင့် ဂါလန် ၅၀၀၀၀ ဆံ့ ရေဖြန့်ဝေကန်သို့ တစ်နာရီလျှင် ရေဂါလန် ၄၅၀၀ ခန့် တင်ပို့သည်။

ဂါလန် ၅၀၀၀၀ ဆံ့ ရေဖြန့်ဝေကန်မှ ပေ ၆၇၅၀ ခန့်ကွာဝေးသော စလောင်းကျေးရွာထိပ်တွင် ရေပိုက်လိုင်းခွဲထားရှိပြီး ထိုမှတစ်ဆင့် လအိကျေးရွာတောင်ကုန်းပေါ်ရှိ ဂါလန် ၂၀၀၀၀ ဆံ့ ဖြန့်ဝေကန်၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်နှင့် ကုန်းငူကျေးရွာ တောင်ကုန်းပေါ်ရှိ ဂါလန် ၂၀၀၀၀ ဆံ့ ရေဖြန့်ဝေကန်၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်များသို့ ရေများ ဖြန့်ဝေသည်။ ရေပိုက်လိုင်းခွဲမှ လအိကျေးရွာရှိ ဂါလန် ၂၀၀၀၀ ဆံ့ ဖြန့်ဝေကန် ပိုက်လမ်းကြောင်းပေါ်တွင် ကာမိုက်ကျေးရွာသို့ ပိုက်လိုင်းခွဲထားရှိပြီး လအိကျေးရွာရှိ ဂါလန် ၂၀၀၀၀ ဆံ့ ဖြန့်ဝေကန်မှ ကျေးရွာခုနစ်ရွာဖြစ်သည့် ဟန်ပို့၊ ကောကူ၊ ငူးပလိုင်၊ မယ်တော်ကုန်း၊ ဟန့်ဘူး၊ ကာဟန်နှင့် ဘန်းမိုက်ကျေးရွာများသို့ ရေများ ပြန်လည်ဖြန့်ဝေခဲ့သည်။

ရေပိုက်လိုင်းခွဲမှ ကုန်းငူကျေးရွာရှိ ဂါလန် ၂၀၀၀၀ ဆံ့ ရေဖြန့်ဝေကန်ပိုက်လမ်းကြောင်းပေါ်တွင် စလောင်း၊ ရီနွဲ့ (အလယ်)၊ တာလဘလို စသည့်ကျေးရွာများသို့ ပိုက်လိုင်းခွဲထားရှိပြီး ကုန်းငူကျေးရွာဂါလန် ၂၀၀၀၀ ဆံ့ ရေဖြန့်ဝေကန်မှ ကျေးရွာ ခုနစ်ရွာဖြစ်သည့် ဆောင်းဘို၊ တီးတိန်၊ ဟန်ကလောက်၊ စလင်း၊ မိုး၊ ပလေင်၊ ပြည်တော်သာနှင့် ဗိုင်ဗလိုကျေးရွာများသို့ ရေများ ပြန်လည်ဖြန့်ဝေပေးခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်းမှာပင် စုပေါင်းကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် နွေရာသီရေရှားပါးကျေးရွာများဖြစ်သည့် ပင်လောင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာ၊ ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာ၊ ကလောမြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာနှင့် ဖယ်ခုံမြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ တို့မှ ဒေသခံပြည်သူများအတွက် ရာသီမရွေးသောက်သုံးရေလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ခဲ့ကြောင်း တင်ပြလိုက်ရပါသည်။ ။


ပင်းတယမြို့နယ် ကျေးရွာငါးရွာအတွက် ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန် ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။


ပင်လောင်းမြို့နယ် နန်းပန်းညောင်ပင်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

# စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၀၅ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၄၅ | ၂၂၆၅ | ၂၄၀၅ |
| 95 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၅ | ၂၁၄၅ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၀၅ | ၂၃၂၅ | ၂၇၂၀ |
| HSD (500 ppm) | ၂၃၂၅ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၅ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၀၅ | ၂၆၂၅ | ၂၇၁၅ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၅ | ၂၄၉၅ | ၂၄၉၀ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၅ | ၂၄၃၅ | ၂၆၅၅ | ၂၇၅၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၅ | ၂၄၉၅ | ၂၄၉၀ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၅ | ၂၄၃၅ | ၂၆၅၅ | ၂၇၅၀ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၆ | ၁၉၃၇ |
| 95 Ron | ၁၉၂၃ | ၁၉၉၅ |
| HSD (500 ppm) | ၂၂၁၅ | ၂၂၈၉ |
| HSD (50 ppm) | ၂၂၄၃ | ၂၃၁၇ |
| HSD (10 ppm) | ၂၂၄၃ | ၂၃၁၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

# ရှမ်းပြည်နယ် နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ




တောင်ကြီး မေ ၃

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ တောင်ကြီးခရိုင်နှင့် မြို့နယ်မှ ဖွင့်လှစ်သည့် နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကို မေ ၂ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက နွေရာသီအခြေခံအားကစားသင်တန်းများကို မတ် ၂၀ ရက်မှ မေ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ သင်တန်းတွင် ဘောလုံး၊ တင်းနစ်၊ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ကြက်တောင်၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ အေရိုးဗစ်၊ ဘော်လီဘော၊ ဘိလိယက်နှင့် စနူကာ၊ လက်ဝှေ့၊ ဝူရှူး၊ ဂျူဒို၊ ကာယဗလ/အလေးမ၊ ကရာတေးဒို (ရှိုတိုကန်) စသည့် အားကစားနည်း ၁၉ မျိုးကို စုစုပေါင်း သင်တန်းသား ၁၃၀၀ တက်ရောက်ခဲ့ကြောင်း၊ ယခုသင်တန်းကို လူငယ်လူရွယ်များအနေဖြင့် နွေရာသီ အားလပ်ရက်များကို အကျိုးရှိရှိ အသုံးချတတ်စေရန် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး အားကစားနှင့် ကျန်းမာရေးသည် လူတိုင်းအတွက် လိုအပ်ကြောင်း၊ ငယ်ရွယ်နုပျိုစဉ် တစ်ကိုယ်ရေ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားကို လိုက်စားသင့်ကြောင်း၊ လူငယ်လူရွယ်တိုင်းသည် တိုင်းပြည်၏ အနာဂတ်တွင် အရေးပါသော အင်အားစုဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ တိုက်ကွမ်ဒို၊ ကရာတေးဒိုအဖွဲ့အား ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက လည်းကောင်း၊ မြန်မာ့သိုင်း၊ ဝူရှူး၊ အလေးမ၊ ဘိလိယက်နှင့် စနူကာ၊ ဂျူဒို၊ စစ်တုရင်၊ အေရိုးဗစ်၊ ကြက်တောင်၊ ဘတ်စကက်ဘောအဖွဲ့များကို ပြည်နယ်လူမှုရေးဝန်ကြီး ဦးအောင်မြင့်က လည်းကောင်း၊ သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုငွေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၃၆ သိန်းနှင့် ဘောလုံး၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ် သင်တန်းဆင်းလက်မှတ်များကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၃

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

**❋ မြန်မာအမျိုးသားမှ**

မောင်မောင်လွင်၊ ဆွမ်လမန်၊ အောင်ကောင်းမာန်နှင့် ဟိန်းထက်အောင်တို့မှာမူ မေ ၂ ရက်တွင် အသင်းနှင့်လာရောက်ပူးပေါင်းခဲ့သဖြင့် မေ ၃ ရက်မှစ၍ ကစားသမားအစုံအလင် လေ့ကျင့်နိုင်ခြင်းဖြစ်သည်။ မြန်မာအမျိုးသားဘောလုံးအသင်းကို ပဏာမကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းထားပြီး အပြီးသတ်လူစာရင်းကို မေ ၅ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။ မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တီမောအသင်းတို့နှင့်အတူ အုပ်စု(က)တွင် ပါဝင်နေပြီး အုပ်စုပထမပွဲအဖြစ် မေ ၈ ရက်တွင် တီမောအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသားဘောလုံးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဧပြီ ၁၇ ရက်မှ ၃၀ ရက်အထိ ယူအေအီးနိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲလေးပွဲကစားရာ တစ်ပွဲနိုင်၊ နှစ်ပွဲ သရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသားဘောလုံးအသင်းတွင် ပဏာမကစားသမားများအဖြစ် **ဂိုး**-ပြည့်ဖြိုးသူ၊ သူရကျော်၊ ပြည့်ဖြိုးအောင်၊ အောင်ကိုလတ်၊ **နောက်တန်း**-သက်ဟိန်းစိုး၊ စိုးမိုးကျော်၊ ဟိန်းဇေယျာလင်း၊ ဝင်းမိုးကျော်၊ ရဲမင်းသူ၊ သက်ပိုင်ထွေး၊ အောင်ဝဏ္ဏစိုး၊ ရဲလင်းထက်၊ နောင်နောင်စိုး၊ **အလယ်တန်း**- ဇော်ဝင်းသိန်း၊ လွင်မိုးအောင်၊ လင်းထက်စိုး၊ ဝေလင်းအောင်၊ ရန်ကျော်စိုး၊ အောင်နိုင်ဝင်း၊ ဟိန်းထက်အောင်၊ **ရှေ့တန်း**- ရဲရင့်အောင်၊ ထက်ဖြိုးဝေ၊ ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ ရာဇာအောင်၊ သန်းပိုင်၊ မောင်မောင်လွင်၊ အောင်ကောင်းမာန်၊ ဆွမ်လမန်တို့ ပါဝင်ကြသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

**◆ မြန်မာ့လက်ရွေးစင်မှ**

သင်းသင်းယု၊ ပုံပုံပြည့်မောင်၊ လင်းမြင့်မိုရ်၊ ခင်မိုးဝေ၊ မြတ်နိုးခင်တို့ကို အသုံးပြုခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ပွဲချိန်အတွင်း နန့်ဇူဇူးထက် အစား အေးအေးမိုး၊ ခိုင်သဇင် အစား ဖြူဖြူဝင်း၊ သင်းသင်းယု အစား ခင်မာလာထွန်း၊ ပုံပုံပြည့်မောင် အစား နော်ထက်ထက်ဝေ၊ လင်းမြင့်မိုရ် အစား ဂျူလိုင်ကျော်၊ ချစ်ချစ် အစား ဇွန်ယုယဦးတို့ကို လဲလှယ်အသုံးပြုခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် တောင်ကိုရီးယားခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲကစားရာ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ တောင်ကိုရီးယား ယူ-၂၀ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲစလုံး သုံးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ပြီး ဆိုးလ်စီးတီးအမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲတွင် တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် မေ ၅ ရက်အထိ တောင်ကိုရီးယားနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး မေ ၆ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MFF**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်း မှာ (၀.၁၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၇၈,၂၆၄) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၂,၉၂၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၈၇၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၃၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၀) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇၀) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၀၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၅၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၈၄၃) ခု | (၅) ဦး |
| စုစုပေါင်း | (၇,၈၅၆) ခု | (၁၀) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၁၇၀၄၀၇ | ၈၀၇၅၇၄၂၄ | ၁၀၂၁၀၈၉ |
| ၂။ | အိန္ဒိယ | ၄၃၀၈၅၁၆၆ | ၄၂၅၄၁၈၈၇ | ၅၂၃၈၈၉ |
| ၃။ | ဘရာဇီး | ၃၀၄၆၀၉၉၇ | ၂၉၅၅၄၃၀၈ | ၆၆၃၆၅၇ |
| ၄။ | ပြင်သစ် | ၂၈၆၉၀၇၄၈ | ၂၇၁၆၃၉၁၃ | ၁၄၆၁၄၂ |
| ၅။ | ဂျာမနီ | ၂၄၇၉၁၁၉၀ | ၂၂၆၅၈၆၀၀ | ၁၃၅၉၄၇ |
| ၆။ | ဗြိတိန် | ၂၂၀၃၈၃၄၀ | ၂၁၃၁၃၁၅၉ | ၁၇၄၉၁၂ |
| ၇။ | ရုရှား | ၁၈၂၀၁၀၇၄ | ၁၇၅၆၃၂၇၂ | ၃၇၆၂၉၂ |
| ၈။ | တောင်ကိုရီးယား | ၁၇၃၄၆၇၅၃ | စိစစ်ဆဲ | ၂၃၀၀၇ |
| ၉။ | အီတလီ | ၁၆၅၂၃၈၅၉ | ၁၅၁၅၅၀၂၁ | ၁၆၃၇၃၆ |
| ၁၀။ | တူရကီ | ၁၅၀၃၄၉၁၇ | ၁၄၉၃၁၄၉၀ | ၉၈၇၉၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၅၉၃၅၈ | ၉၂၆၇၂၈၁ | ၄၃၀၄၄ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၇၃၁၅ | ၅၈၈၄၀၅၉ | ၁၅၆၃၀၅ |
| ၃။ | မလေးရှား | ၄၄၅၀၈၅၉ | ၄၃၇၈၈၆၄ | ၃၅၅၅၅ |
| ၄။ | ထိုင်း | ၄၂၈၁၅၃၆ | ၄၁၃၄၁၉၁ | ၂၈၇၈၁ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၆၂၁၆ | ၃၆၂၀၆၅၉ | ၆၀၄၁၂ |
| ၆။ | စင်ကာပူ | ၁၂၀၀၉၇၆ | ၁၁၄၀၅၃၁ | ၁၃၃၈ |
| ၇။ | မြန်မာ | ၆၁၂၉၂၄ | ၅၉၁၈၇၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၇၈၆၇ | ၂၀၅၃၇၈ | ၇၄၅ |
| ၉။ | ဘရူနိုင်း | ၁၄၁၉၁၁ | ၁၄၁၀၂၂ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၅၇ | ၁၃၃၁၄၄ | ၃၀၅၆ |

## မြိတ်မြို့တွင် ပင်လယ်ပြင်ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်

မြိတ် မေ ၃

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြိတ်ခရိုင်ငါးလုပ်ဦးစီးဌာနက ပင်လယ်ပြင်ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း(၁/၂၀၂၂) ဖွင့်ပွဲကို မြိတ်မြို့ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး(မြိတ်)၌ မေ ၃ ရက်က ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က အဖွင့်အမှာစကားပြောခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းဖွင့်ပွဲအပြီးတွင် သင်တန်းသားများက ပင်လယ်ပြင်၌ တွေ့ကြုံရသည့် အခက်အခဲများကိုတင်ပြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

သင်တန်းတွင် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အသံတိတ်နဲ့ ကျိတ်ငိုသည်

ဓမ္မဒူတ
ဒေါက်တာအရှင်ဆေကိန္ဒ

**(ယခင်အပတ်မှအဆက်)**

ဟော-ကြည့်လေ၊ နေမကောင်းတဲ့ သားသမီးက ဟိုဘက်လှိမ့်၊ ဒီဘက်လှိမ့်၊ ညည်းညူနေတယ်ဆိုရင်လေ အဖေက တစ်ဖက်၊ အမေကတစ်ဖက်၊ အိပ်ရာရဲ့ ဟိုဘက်ဒီဘက် တစ်ဖက်တစ်ချက်စီမှာ ထိုင်လို့၊ တစ်ညလုံး ငုတ်တုတ်ဆိုသလို ပါပဲ။ တစ်မှေးမှ မအိပ်ရဘဲ မိုးလင်းခဲ့ရတဲ့ရက်တွေ မရေတွက်နိုင်တော့ပါဘူး။

ဒါတွေကို သားသမီးတွေက မသိတာဘဲ များပါတယ်။

မိဘမေတ္တာဆိုတာ နှိုင်းလို့မရပါဘူး၊ မိဘကျေးဇူးဆိုတာ ဆပ်လို့မကုန်နိုင်ပါဘူး။

ဟုတ်တယ်လေ၊ ဒီမိဘတွေကသာ ကိုယ့်ကိုမပြုစု၊ မစောင့်ရှောက်ရင် "မွေးပြီးသေ၊ မွေးပြီးသေ"နဲ့ ငယ်ကတည်းက သေသွားခဲ့ရမည့်အကြိမ်တွေဟာ မရေမတွက်နိုင်အောင်ပါပဲ။ များလှမှာပါ။

ငယ်စဉ်က သားသမီးတွေ ချူချာလို့ အမြဲတမ်း နှာခေါင်းပိတ်၊ အအေးမိခဲ့ရင်၊ နှပ်ချေးတွေပိတ်နေရင်၊ သားသမီးရဲ့ အသားက နုနု၊ နှာခေါင်းပေါက်က ကျဉ်းကျဉ်းဆိုတော့ လက်နဲ့ မညှစ်ပါဘူး၊ မထုတ်ပါဘူး၊ အမေကလေ နှာခေါင်းပေါက်ထဲကို လျှာကလေးနဲ့ တံတွေးကိုဆွတ်၊ အသာကလေး ထိုးထိုးပြီး နောက်နှပ်တွေ နူးပြီဆိုတော့မှ ပါးစပ်နဲ့ စုပ်ယူခဲ့တာ၊ ချစ်လွန်းလို့ပေါ့။

နောက် မရှုံမရှာမေတ္တာတွေဗလ၀နဲ့ ကျင်ကြီး ကျင်ငယ်တွေကို ဆေးကြောသုတ်သင်ခဲ့တာတွေ ဆိုတာကတော့ အကြိမ်ကြိမ်ပါပဲ။ ပြောပြလို့ မကုန်နိုင်ပါဘူး။

မိဘတွေဟာ သားသမီးတွေ လူလားမြောက်လို့ အရွယ်ရောက်လာအောင် ဘယ်လောက်ထိ ပြုစုခဲ့ရတယ်ဆိုတာ သားသမီးတွေဘက်က ပြည့်ပြည့်စုံစုံ နားလည်နိုင်မှာ မဟုတ်ပါဘူး။

ထိုင်တတ်အောင် ဘယ်သူသင်၊ မိဘပေါ့။ ရပ်တတ်အောင်၊ လမ်းလျှောက်တတ်အောင်၊ စကားပြောတတ်အောင် ဘယ်သူသင်ပေးသလဲဆိုရင် မိဘတွေပဲပေါ့။

အို- သေသေချာချာ ပြန်ကြည့်ရင် မြင်ပါတယ်။ ဟို-နီတာရဲကလေးငယ်ဘ၀ ရေချိုးရတာက အစပေါ့လေ၊ ကြည့်-အမေဖြစ်တဲ့သူက ရေချိုးတဲ့နေရာမှာ ခြေလေးနှစ်ဖက် ဆင်းထိုင်လို့၊ ရင်သွေးငယ်ကို ခြေထောက်နှစ်ဖက်ကြား မနာအောင် ထားလို့၊ ဘေးက ရေဇလုံကြီးထဲကို အဖေဖြစ်သူက ရေတွေခပ်ထည့်ပေးလို့။

နောက်-ပက်လက်ကလေး ယက်ကန်ယက်ကန်နဲ့ မျက်လုံးဖွင့်ကြည့်နေတဲ့ ရင်သွေးငယ်ကို ချော့လိုက်ကြ၊ မြူလိုက်ကြနဲ့ မိဘတွေ ဘယ်လောက်များ ပျော်နေလိုက်ကြသလဲလို့၊ ဟော-နားထောင်ကြည့်လေ။ စကားတောင် မပီတော့ဘူး၊ မိဘနှစ်ယောက်လုံး ရင်သွေးငယ်ရဲ့အသံ၊ စကားပြောဟန်နဲ့ "တား တားရေ၊ ပေပေနဲ့ မေမေ ဘယ်တုကိုချစ်တုံး" တဲ့။ ဒါတွေဟာ မိဘမေတ္တာရဲ့ အရိပ်အယောင်တွေပေါ့။

ခြေသလုံးလေးတွေ ဆုပ်နယ်လို့၊ ပေါင်ကလေးတွေကို လက်လေးနဲ့ အသာဖျစ်လို့ ခြေထောက်ကလေး ခွင်မယ့်ဟန်ဖြစ်နေရင် အသာကလေး ဖြောင့်ဖြောင့်ပေးလို့ မနာအောင်ပေါ့လေ။

နောက် ခေါင်းရဲ့ပုံသဏ္ဍာန်ကရော လှရဲ့လား၊ လုံးရဲ့လား၊ ၀ိုင်းရဲ့လား၊ မ၀ိုင်း ၀ိုင်းအောင်၊ မလှလှအောင်၊ လက်ဖနောင့်နဲ့ အသာကလေး ဖိနှိပ်ပေးလို့ ဖြည်းဖြည်းပေါ့လေ။

ဟော-ကြည့်ပါဦး၊ "နှာတံကလေးက သိပ်ပြီးမပေါ်ပါလား"လို့ ဆိုပြီးတော့ ရေချိုးပေးတိုင်း နှာတံပေါ်အောင် လက်ကလေးနဲ့ အသာလေးဖိပြီး ဖော်ပေး၊ ဆွဲပေးရတဲ့ အကြိမ်တွေကလည်း မနည်းတော့ပါဘူး။

ဒါတွေဟာ မိဘမေတ္တာရဲ့ ပြကွက်တွေထဲက တချို့ပါပဲ။ ဒီအချိန်က မိဘမေတ္တာတွေဟာ စင်ကြယ်ပါတယ်။ စောစောက ပြောခဲ့တဲ့ မျှော်လင့်ချက် ဆိုတာမျိုးတွေနဲ့ ရောယှက်ပြီး ချစ်တာမျိုး မရှိပါဘူး။ မေတ္တာသက်သက်ပါ။

မျှော်လင့်ချက်ကင်းနဲ့ မျှော်လင့်ချက်မရှိဘဲ ပစ်ပစ်ခါခါလို့ ဆိုလိုတာလည်း မဟုတ်ပါဘူး။

နောင် - ဒို့အသက်အရွယ်ရလာလို့ အိုမင်းမစွမ်း ဖြစ်လာရင်၊ ဒို့ကျန်းမာရေး အတွက် သားသမီးကိုပဲ အားကိုးရမှာပါ၊ ဒို့ကို ပြန်ပြီးတော့ ပြုစုကြမှာပါလို့ မျှော်လင့်ချက်၊ ယုံကြည်အားကိုးချက်ဆိုတာတွေကတော့ ဖြစ်လာတတ်ကြပါတယ်။



သားသမီးတွေဘက်ကတော့ စောစောက ပြောခဲ့သလို လိမ္မာတဲ့သားသမီးတွေ ရှိသလို တချို့ဆိုရင် မိဘရဲ့မေတ္တာ အတိမ်အနက်၊ မိဘရဲ့ကျေးဇူးထုထည်၊ မိဘရဲ့ မျှော်လင့်မှုတွေကို ပြည့်ပြည့်စုံစုံ နားမလည်နိုင်ကြတဲ့သူတွေ၊ မခံစားတတ်သူတွေဟာလည်း အများကြီးရှိနေကြပါသေးတယ်။

အဖေဖြစ်သူက အသက် ၆၀ ကျော် ၇၀ ပေါ့။ ငယ်တုန်းက ပင်ပန်းခဲ့တဲ့ဒဏ်တွေကြောင့် ညညဆိုရင် အိပ်မရဘူး၊ ချောင်းကလည်း တဟွတ်ဟွတ်နဲ့ သွေးစတွေတောင် ပါချင်ရင် ပါလာသေးတယ်။

ညဆိုရင် ရာသီဥတုကလည်းနှောင့်၊ ရောဂါကလည်း ဖောက်ဆိုတော့ အဖေဖြစ်သူရဲ့ ချောင်းဆိုးသံက ဆက်နေတော့တာပေါ့။ ထွေးခံထဲလည်း သလိပ်တွေ၊ ချွဲတွေက အပြည့်လေ။

တစ်ညလုံး ချောင်းဆိုးလို့ မအိပ်ရတဲ့ အဖေဖြစ်သူဟာ မနက်မိုးလင်း ခါနီးလောက်ကျမှ မှေးခနဲ ဖြစ်သွားတာပေါ့။

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အသံတိတ်နဲ့ ကျိတ်ငိုသည်စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု ၀တ်စားဆင်ရာယဉ်ကျေးမှု(၆)

ဦးမင်းဟန်(ဘီအေ)

ဘိုးလေးကြွက်မှာ အိမ်ရှေ့ကုက္ကိုပင်ကြီးအောက်တွင် ရေနွေးကြမ်းတစ်အိုးနှင့်ရှိနေသည်။ မကြာမီတွင် မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ သုံးဦးရောက်လာကြသည်။

"ဘိုးလေးရေ ရွာထဲမှာ မင်္ဂလာဆောင်ရှိတယ်ကြားတယ်။ ၀က်သားဟင်းနဲ့ကျွေးပြီး ကော်ဖီလည်း တိုက်မယ်လို့ သတင်းရတယ်။ အဲဒါ မြေးတို့ သွားချင်တယ်"

"သွားချင်တာများ သွားကြပေါ့ကွယ်။ မြေးတို့အိမ်က မလွှတ်လို့များလား"

"အိမ်ကတော့ လွှတ်မှာပါဘိုးလေး။ မင်္ဂလာဆောင်အခမ်းအနားမှာ ဘယ်လို၀တ်ဆင်ကြလဲ၊ ဘယ်လို၀တ်စားဆင်ယင်ပြီး မင်္ဂလာဆောင်သွားရမလဲဆိုတာလေး သိချင်တာပေါ့"

ပူစူးမ၏စကားကြောင့်ဘိုးလေးကြွက်အပါအ၀င် အားလုံးက သဘောတကျရယ်လိုက်ကြသည်။

"ပူစူးမရယ် နင်ကလည်းဟာ ၀တ်ချင်တာ၀တ်သွားပေါ့။ ဘိုးလေးကြွက်က ဖက်ရှင်ဒီဇိုင်နာမှ မဟုတ်တာ၊ နင့်ကို အကြံပေးရအောင်"

"ဟဲ့ မောင်ထူးရဲ့ ငါပြောတာ အဲဒီသဘောမျိုး ပြောတာမဟုတ်ပါဘူး။ မသိလို့မေးတယ်ဆိုတာက မင်္ဂလာဆောင်သွားတဲ့အခါ အရွယ်စုံတယ်လေ။ ဘိုးလေးတို့ အရွယ်ကနေ ငါတို့ကလေးတွေအရွယ်အထိ စုံလင်တော့ သူ့အရွယ်နဲ့သူ ၀တ်စားဆင်ယင်မှု ရှိရမယ်မဟုတ်လား။ အဲဒါကြောင့် ဘယ်လိုမျိုး ၀တ်ဆင်သင့်တယ်ဆိုတာ မေးတာ၊ နောက်တစ်ခုက မင်္ဂလာဆောင်ကြတဲ့သူတွေနဲ့ မိသားစုတွေကော ဘယ်လိုတွေ၀တ်ဆင်သင့်တာလဲ ဆိုတာကိုသိချင်လို့ ဘိုးလေးကိုမေးတာပါ"

မောင်ထူး၏စကားကို ပူစူးမက ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ဘိုးလေးကြွက်က ပူစူးမ၏ပြောစကားကို နားစွင့်နေရင်း ခေါင်းတဆတ်ဆတ်ညိတ်နေသည်။ ပြီးမှ ဖြည်းဖြည်းချင်းပြန်ပြောသည်။

"ပူစူးမသိချင်တာကို ဘိုးလေး သဘောပေါက်ပါတယ်။ ဒါလည်း သိထားသင့်တဲ့အရာတွေပဲ၊ မြေးတို့အားလုံး လိုက်ပြီးမှတ်သားထားကြပေါ့"

"ဟုတ်ကဲ့ ဘိုးလေး"

"အေးကွယ့် မင်္ဂလာဆောင်အခမ်းအနားကိုတော့ အမျိုးမျိုးကျင်းပကြတာရှိတယ်။ ငွေကြေးတတ်နိုင်သူတွေက တတ်နိုင်သလို၊ မတတ်နိုင်တဲ့သူတွေကလည်း မတတ်နိုင်သလိုကျင်းပကြတာပါပဲ။ အနှစ်သာရကတော့ မင်္ဂလာဆောင်တယ်ဆိုတာ ထိမ်းမြားလက်ထပ်ခြင်းပါပဲ။ အဲဒီအခမ်းအနားမှာလည်း ယဉ်ကျေးမှုအရ ရိုးရာ၀တ်စုံတွေ ၀တ်ဆင်ကြသလို အနောက်တိုင်း၀တ်စုံတွေလည်း ၀တ်ဆင်ကြလေ့ရှိပါတယ်။ နှစ်သက်သလို ၀တ်ဆင်ပြီး မင်္ဂလာအခမ်းအနားကို ကျင်းပလေ့ရှိကြတာပေါ့။"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ သတို့သား သတို့သမီးတွေရဲ့ အပြင်အဆင်နဲ့ ၀တ်ဆင်မှုတွေကတော့ ရုပ်ရှင်တွေထဲမှာတော့ တစ်မျိုး၊ ရုပ်ထဲရွာထဲမှာတော့ တစ်မျိုးဖြစ်နေတာကရော ဘာကွာတာလဲ ဘိုးလေး"

"ပူစူးမ မေးတာ မှန်ပါတယ်။ မှန်ပါတယ်ဆိုတာက အခမ်းအနားကျင်းပတဲ့အပေါ်မှာမူတည်ပြီး ၀တ်စားဆင်ယင်မှုတွေက ကွာခြားသွားတာပါ။ မင်္ဂလာဆောင်တဲ့ သတို့သား သတို့သမီးတို့ဟာ တိုင်းရင်းသားဆိုရင် သက်ဆိုင်ရာရိုးရာ၀တ်စုံကို ၀တ်ဆင်လေ့ရှိသလို၊ အနောက်တိုင်း၀တ်စုံကိုလည်း ၀တ်ဆင်လေ့ရှိတယ်။ ဆိုပါတော့ ဗမာလူမျိုးဆိုရင် စတစ်ကော်လာ၊ တိုက်ပုံ၊ ခေါင်းပေါင်း၊ တောင်ရှည်ပုဆိုးကို သတို့သားက ၀တ်ဆင်ရလေ့ရှိပြီး သတို့သမီးက ဆံထုံး၊ ထိုင်မသိမ်းအင်္ကျီ၊ မြန်မာလုံချည်ကို အတိုအရှည်ကြိုက်ရာစသည်ဖြင့်၀တ်ဆင်လေ့ရှိတယ်။ အဲဒီနေရာမှာလည်း ကျင်းပတဲ့အခမ်းအနားရဲ့ ခေတ်ပုံရိပ်ကို ပေါ်လွင်အောင်တန်ဆာဆင်ကြတာလည်း ရှိတာပေါ့။ ပုံမှန်အားဖြင့် ဘိုးလေးတို့အရပ်ထဲက ရွာသူရွာသားတွေကတော့ စတစ်ကော်လာတိုက်ပုံနဲ့ သင့်တင့်တဲ့ ပုဆိုးကို သတို့သားက ၀တ်ဆင်ပြီး သတို့သမီးကတော့ မြန်မာဆန်ဆန် ရင်ဖုံးအင်္ကျီ၊ လုံချည်နဲ့ဆံထုံးတို့လောက်ပါပဲ။ ငွေကြေးတတ်နိုင်သူတွေကတော့ ပုံကြီးချဲ့ တန်ဆာဆင်ကြတာမျိုးတွေတော့ အမျိုးမျိုးရှိတာပေါ့ကွယ်"

"ဟုတ်ကဲ့ဘိုးလေး မှတ်သားထားပါ့မယ်"

"ဘိုးလေးတို့ ရွာသူ ရွာသားတွေကတော့ အတော်လေးရိုးရှင်းတယ် ပြောရမယ်။ သတို့သား သတို့သမီးရော နှစ်ဖက်မိဘတွေရော မြန်မာဆန်ဆန်လေးပဲ ၀တ်ဆင်ကာ မင်္ဂလာပွဲကို ကျင်းပကြတာပေါ့။ မြို့ကြီးပြကြီးတွေနဲ့၊ အနုပညာရှင်အသိုင်းအ၀ိုင်းတွေကတော့ ဆန်းပေ့၊ ခေတ်မီပေ့၊ ကောင်းပေ့ဆိုတာမျိုးတွေနဲ့ မင်္ဂလာပွဲကို ကျင်းပတာတွေလည်း ရှိကြတာပေါ့။ ရိုးရိုးယဉ်ယဉ်လေးကျင်းပတာမျိုးလည်း ရှိတာပါပဲ။ အဓိကကတော့ ကာယကံရှင်တွေရဲ့ နှစ်သက်သလို ဆင်ယင်ကျင်းပကြတဲ့သဘောလို့ ဆိုပါတော့ကွယ်"

"ဟုတ်ကဲ့ ဘိုးလေး၊ မြေးသိချင်သေးတာက ခုရွာကမင်္ဂလာဆောင်မှာ ဘိုးလေး ဘယ်လို၀တ်ဆင်မလဲဆိုတာ သိချင်တာ"

ဘိုးလေးကတော့ ရိုးရှင်းပါတယ်။ စတစ်ကော်လာအင်္ကျီပေါ်မှာ တိုက်ပုံထပ်၀တ်ပြီး သင့်တင့်ကောင်းမွန်တဲ့ပုဆိုးကို ၀တ်မှာပေါ့ကွယ်။ ဘိုးလေးအရွယ်က လူကြီးသူမအရွယ်နဲ့ လိုက်ဖက်အောင် ၀တ်ရမှာပေါ့"

ပူစူးမ၏အမေးစကားကို ဘိုးလေးကြွက်က စိတ်ရှည်စွာဖြင့် အပင်ပန်းခံကာ ရှင်းလင်းပြောပြသည်။

"မြေးတို့အနေနဲ့ကော မင်္ဂလာဆောင်ကို ဘယ်လို၀တ်ဆင်သွားသင့်သလဲ ဘိုးလေး"

"အေးပေါ့ ဒါလည်း မေးရမယ့်စကားပဲ မောင်ထူးရဲ့မြေးမေးတာလည်းကောင်းပါတယ်။ မြေးတို့အရွယ်တွေကတော့ လွတ်လွတ်လပ်လပ်၀တ်ဆင်လို့ ရပါတယ်။ ဒါပေမယ့် မြန်မာဆန်ဆန်လေးနဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ ၀တ်ဆင်မှုဆိုရင်တော့ ပွဲနဲ့ပိုတင့်တယ်တာပေါ့။ ၀တ်စားဆင်ရာယဉ်ကျေးမှုနဲ့လည်း ကိုက်ညီပြီး မြင်တွေ့ရတဲ့သူအပေါင်းက မြေးတို့ကို အထူးသတိထားမိနေတော့မှာပေါ့။ ယဉ်ကျေးသိမ်မွေ့စွာ ၀တ်ဆင်တတ်ကြပါပေတယ်လို့ မချီးမွမ်းရင်တောင် မကဲ့ရဲ့နိုင်တော့ဘူးပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

# အောင်ခြင်းရှစ်ပါးမင်္ဂလာ

**သုတေသီ ဦးသိမ်းဇံ**

**အင်္ဂုလိမာလကိုအောင်မြင်ခြင်း**

“ကနေ့သာလူတစ်ယောက်ရရင် လက်ညှိုးတစ်ထောင်ပြည့်တော့မယ်။ ဘယ်သူ့ကိုပဲတွေ့တွေ့ ဖမ်းမယ်၊ သတ်မယ်။ ပညာအကျိုးကြီးအောင် ပူဇော်လိုက်မယ်။ ပြီးရင်တော့ ရေမိုးချိုး၊ ဆံ၊ မုတ်ဆိတ်တွေလှီးဖြတ်ပြီး မိဘတွေဆီကိုပြန်မယ်”

အင်္ဂုလိမာလသည် ဤသို့အဓိဋ္ဌာန်ပြီး ၉၉၉ ယောက်တို့၏လက်ညှိုးများကို စွပ်ယူကာ လည်စွဲလျက် တောအုပ်အတွင်းမှ လူသားတစ်ဦးဦး ဖြတ်သန်းအလာကို ချောင်းမြောင်းနေလေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေးကြီး၏ လှူဒါန်းချက်အရ ဇေတဝန်ကျောင်းတော်တွင် ၁၄ ဝါမြောက် ဝါဆိုသီတင်းသုံးတော်မူသည့်ကာလလည်းဖြစ်သည်။

မြတ်စွာဘုရားက အင်္ဂုလိမာလ ကျွတ်တမ်းဝင်မည့်အရေးကို သိမြင်တော်မူလေသည်။ မြတ်စွာဘုရားမှ မကယ်တင်လျှင် အင်္ဂုလိမာလက မိခင်ကိုသတ်မိပေလိမ့်မည်။ အမိကိုသတ်မိပါက “မာတုဃာတကံကြီး”ထိုက်ကာ အဝီစိငရဲ ကျပေမည်။ ထိုကံဆိုးမှ လွတ်မြောက်စေရန် မြတ်စွာဘုရားက အင်္ဂုလိမာလရှိရာနေရာသို့ ကြွချီတော်မူလေသည်။

“အရှင်ဘုရား ဒီနယ်မြေမှာ အင်္ဂုလိမာလလူဆိုးကြီး သောင်းကျန်းနေပါတယ်။ အရှင်ဘုရားအနေနဲ့ တစ်ကိုယ်တည်း မကြွပါနှင့်လားဘုရား”

မြတ်စွာဘုရားအား လယ်သမား၊ ယာသမားများနှင့် နွားကျောင်းသားတို့က မကြွချီရန် တောင်းပန်လျှောက်ထားကြသည်။ မေတ္တာ၊ ကရုဏာများဖြင့် လျှောက်ထားကြသည့်တိုင် မြတ်စွာဘုရားက ဆိတ်ဆိတ်နေရင်း ဆက်လက်ကြွချီတော်မူလေသည်။

“အလို ရဟန်းတစ်ပါး ဣရိယာ ခြေလှမ်းမှန်မှန်နဲ့ ကြွလာနေပါလား”

အင်္ဂုလိမာလက အဝေးမှလှမ်းမြင်သောကြောင့် တီးတိုးရေရွတ်လိုက်မိရင်း အံ့ဩသွားရလေသည်။ ရဟန်းသံဃာများကို တစ်ကြိမ်မျှ မသတ်ဖူးသော်လည်း ယနေ့အချိန်တွင် လက်ညှိုးပေါင်း တစ်ထောင်ပြည့်ရန်အတွက် သတ်ရပေတော့မည်ဟုတွေးကာ အံ့ဩစွာဖြင့် ရပ်ကြည့်နေမိရာ အင်္ဂုလိမာလက ရဟန်းသည် သူ့ဆီသို့ တန်းတန်းမတ်မတ် လာနေသည်ဟု မြင်နေရလေသည်။

“ငါဟဲ့ အင်္ဂုလိမာလတဲ့ဟေ့...”

အော်ဟစ်အသံပေးကာ တဟုန်းထိုး ပြေးလိုက်တော့သည်။ မြတ်စွာဘုရားက ခပ်မှန်မှန်ပင် ကြွချီတော်မူနေသည်။ အင်္ဂုလိမာလမှာ ပြေးလိုက်သော်လည်း မမီနိုင်ဖြစ်နေရသည်။ တစ်ခါတစ်ရံမီလု မီခင်ဖြစ်လာလျှင် မြောင်းကြီးများ၊ ချောက်ကြီးများ၊ တောင်ကုန်းများ၊ သစ်တောကြီးများ၊ တစ်ခုပြီးတစ်ခု ကန့်လန့်ကာဆီးနေသဖြင့် မြတ်စွာဘုရားထံလိုက်ရသည်မှာ ထင်သလောက်မလွယ်ကူကြောင်း အင်္ဂုလိမာလသတိထားမိလာသည်။

“ဟောဟဲ ဟောဟဲ- ဟောဟဲ ..”

ချွေးသံရွှဲရွှဲဖြင့် အင်္ဂုလိမာလခမျာ အမောဆို့နေရှာတော့သည်။ အသံပေးကာ တဟုန်ထိုးပြေးလိုက်လာလျှင် တုတ်၊ ဓား၊ လက်နက်များပါသူတို့ပင်လျှင် အသံကြားကာ ကြောက်လန့်ထွက်ပြေးကြရသည်။ မပြေးနိုင်ပါက အသတ်ခံကြရသည်ချည်းဖြစ်သည်။ ဆင်ကိုပင် အမိဖမ်းခဲ့ဖူးသူ၊ သမင်၊ ဒရယ်၊ စိုင်၊ ဆတ်တို့ကိုပင် လက်ရဖမ်းဆီးနိုင်ခဲ့သည့် အင်္ဂုလိမာလ၊ ယခုအချိန်တွင် နဖူးမှ ချွေးသီးချွေးပေါက်ကြီးများပင် ကျလျက် အားအင်အစွမ်းများလည်း ခမ်းခြောက်နေလေပြီ။ ချွေးများက ရေချိုးထားသည့်နှယ် ရှိချေတော့သည်။ အာခံတွင်းလည်း ခြောက်ကာ ရေလည်းငတ်နေရသဖြင့် တောင့်မခံနိုင်ဖြစ်ကာ ကိုယ့်ကိုယ်ကိုယ်ပင် မဟန်နိုင်ဖြစ်နေရတော့သည်။

“အို ... ရဟန်း ရပ်လေ့၊ ရပ်ပါလေ့”

“ငါရပ်နေတယ်။ သင်သာ ပြေးလွှားနေခြင်းဖြစ်ပေတယ်”

မြတ်စွာဘုရားက အင်္ဂုလိမာလကို တရားဟောရန်အစချီကာ ပြန်ပြောလိုက်လေသည်။

“ရဟန်း သင်ကသွားနေပါရဲ့နဲ့ ဘာကြောင့်များ ရပ်တယ်လို့ ပြောရပါသလဲ”

“အို .. အင်္ဂုလိမာလ၊ ငါကား လက်နက်ချပြီးသူဖြစ်တယ်။ သတ္တဝါတွေကို မသတ်ဖြတ်၊ မညှဉ်းဆဲဘူး။ ငါ့မှာ ဆင်းရဲဆိုတာ မရှိတော့ပေ။ သံသရာဆိုတာလည်း မကျင်လည်တော့ပေ။ ဒါကြောင့် ငါရပ်နေတယ်လို့ဆိုတာ။ သင့်မှာကား စောင့်စည်းမှုမရှိ၊ သနားညှာတာမှုမရှိ။ တသတ်တည်းသတ်ဖြတ်နေတယ်။ ဆင်းရဲဦးမယ်။ သံသရာကျင်လည်ပြီး သွားလာရပေဦးမယ်။ ဒါကြောင့် သင်သွားနေတယ်လို့ ငါပြောခြင်းဖြစ်ပေတယ်”

မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသည့်အတွက် အင်္ဂုလိမာလ သတိဝင်လာသည်။ သံဝေဂလည်း ရလာသည်။

“မှန်သောစကားကို ဆိုတော်မူတတ်ပါပေသော မြတ်စွာဘုရား၊ အချိန်ကြာမှပဲ ရောက်တော်မူလာပေတယ်။ တပည့်တော်သည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်သက်ပါ၏။ မကောင်းမှုများကို ရှောင်ရှားပါတော့မည် ဘုရား”

အင်္ဂုလိမာလသည် မြတ်စွာဘုရားထံ လျှောက်ထားပြီး ထုံးအိုင်ကမ်းပါးပြတ်သို့သွားကာ လက်နက်များကို ပစ်ချလိုက်လေသည်။ လက်ညှိုးဖြင့် ပူဇော်မှုကိုလည်း အချည်းအနှီးမှန်း သိလာသဖြင့် တစ်ခါတည်း စွန့်ပယ်ပစ်ချလေတော့သည်။ အင်္ဂုလိမာလသည် မှားခဲ့သမျှသော အပြစ်များကို ဗုဒ္ဓမြတ်စွာဘုရားထံသို့ ဝန်ချတောင်းပန်လိုက်လေတော့သည်။

ထို့နောက် မြတ်စွာဘုရားထံတွင် ရဟန်းအဖြစ်ပေးသနားပါရန် တောင်းခံမှုကြောင့် အင်္ဂုလိမာလသည် ရဟန်းအဖြစ် ခံယူခွင့်ရရှိသော်လည်း လူသားဘဝက လုပ်ဆောင်ခဲ့သည့်ဖြစ်ရပ်များကြောင့် ဆွမ်းခံကြွရာတွင် ဆွမ်းမရရှိသည့်အတွက် ဆွမ်းမပြည့်စုံသည့်ဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရလေသည်။ ဆက်လက်၍ မြတ်စွာဘုရား၏ လမ်းညွှန်နည်းပြ သွန်သင်ဆုံးမမှုတို့ဖြင့် ကျင့်ကြံအားထုတ်ရာမှ လောကဥ္စရှိကြကုန်သော ကိလေသာများကုန်ခမ်းပြီး ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေတော့သည်။

ဤသည်ကား မြတ်စွာဘုရားက အင်္ဂုလိမာလအား အောင်မြင်ခြင်းပင် ဖြစ်ပေတော့သည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာ မင်္ဂလာ

**စွန့်ကြဲပေးကမ်းလှူဒါန်းရမယ်**

ဒါနဉ္စ။

“ပေးကမ်းလှူဒါန်းရခြင်း၊ ကုသိုလ်ကောင်းမှုပြုရခြင်း၊ စွန့်ကြဲပေးကမ်းလှူဒါန်းရမယ်” လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။

၃၈–ဖြာမင်္ဂလာကဗျာများရဲ့ ပဥ္စမမြောက်ကဗျာဖြစ်တဲ့ “လိုက်နာကျင့်သုံးရေးမင်္ဂလာလေးပါး”ထဲက နံပါတ်တစ်မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့၊ သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပဲပေါ့။

ဟိုး..ရှေးလွန်လေပြီးသောအခါကပေါ့ကွယ်။

“မနက်ဖြန်ဟာ ဥပုသ်နေ့ဖြစ်တယ်။ သီလဆောက်တည်ပြီး ဥပုသ်စောင့်ကြရအောင်။ အလှူခံပုဂ္ဂိုလ်တို့ကိုလည်း အဆွေတော်တို့ စားတဲ့အစာတွေထဲက လှူဒါန်းကြပေ့ါ”

ယုန်ပညာရှိက မိတ်ဆွေသုံးဦးဖြစ်တဲ့ ဖျံ၊ မြေခွေးနဲ့ မျောက်တို့ကို နိဗ္ဗာန်ဆော်အဖြစ်ပြောလေရာ မိတ်ဆွေသုံးဦးကလည်း သဘောတူညီကြလေတယ်။

အချိန်ကာလကား ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံအုပ်ချုပ်စဉ်က ဖြစ်ပေတယ်။ မြတ်စွာဘုရားအလောင်းတော် ယုန်မင်းဟာ ပညာရှိအဖြစ်နဲ့ မိတ်ဆွေသုံးဦးဖြစ်တဲ့ ဖျံ၊ မြေခွေး၊ မျောက်တို့နဲ့ ရင်းနှီးချစ်ခင်စွာ တောတစ်ခုအတွင်းမှာ အတူနေထိုင်ကြသတဲ့။

မနက်ဖြန်ဥပုသ်နေ့မှာ လှူဒါန်းနိုင်ဖို့ အာရုံထားပြီး မိတ်ဆွေတို့က အသီးသီးအစာရှာထွက်သွားကြတယ်။

ဖျံဆိုတဲ့သတ္တဝါက တံငါသည်တစ်ဦးက နွယ်ကြိုးနဲ့သီထားတဲ့ ငါးကြင်းခုနစ်ကောင်ရတယ်။ မြေခွေးဆိုတဲ့ သတ္တဝါကလည်း လယ်စောင့်တစ်ဦးရဲ့ အမဲရိုးနှစ်ခု၊ ဖွတ်ကင်တစ်ခု၊ နို့အိုးတစ်အိုးရလေတယ်။ မျောက်ဆိုတဲ့ သတ္တဝါကတော့ တောအုပ်တစ်ခုကနေ သရက်သီးခိုင်တစ်ခိုင်ကို ရရှိခဲ့တာပေ့ါကွယ်။

ဘုရားအလောင်းတော် ယုန်မင်းရဲ့ မိတ်ဆွေသုံးဦးဖြစ်တဲ့ ဖျံ၊ မြေခွေး၊ မျောက်တို့ဟာ ရှာဖွေရရှိလာတဲ့ အစားအစာတွေကို ယူလာခဲ့ကြပြီး နေထိုင်ရာနေရာမှာထားကာ သီလဆောက်တည်နေကြတော့တယ်။

“အင်း မိတ်ဆွေသုံးဦးကတော့ လှူဒါန်းမှုအစုစုအတွက် အဆင်သင့်ဖြစ်နေကြပြီပဲ။ သာခုခေါ်ပါတယ် မိတ်ဆွေတို့၊ ငါကိုယ်တိုင်ကတော့ စားတာကိုက မြက်ဖြစ်လေတော့ မြေစာမြက်ကို လှူဒါန်းဖို့ရာ ဘယ်လိုမှ မသင့်တော်ပါဘူးလေ”




ယုန်မင်းပညာရှိက တစ်ကိုယ်တည်းတီးတိုးရေရွတ်လိုက်ရင်း စဉ်းစားနေလေရာ အတွေးတစ်ခုရလို့ ဝမ်းသာနေလေတော့တယ်။

“ငါ့အသားကိုပဲ လှူလိုက်ပါတော့မယ်”

ဘုရားအလောင်းတော်ယုန်မင်းဟာ ရရှိတဲ့အကြံကိုရေရွတ်ကာ လှူဒါန်းရမယ့်အရေးကြုံတွေးကာ ပီတိဖြစ်နေလေရဲ့။ ကောင်းမြတ်ပြီး မွန်မြတ်လှတဲ့အကြံအစည်ကိုတွေးကာ ယုန်မင်းကလည်း နေထိုင်ရာချုံထဲမှာဝပ်ပြီး သီလဆောက်တည်နေတော့တယ်။

“အလှူခံလာပါတယ်။ အလှူခံလာပါတယ် ဗျို့”

သိကြားမင်းက ပုဏ္ဏားအဖြစ်ဖန်ဆင်းကာ ဘုရားအလောင်းတော် ယုန်မင်းရဲ့ သီလကိုစုံစမ်းဖို့ အလှူခံအဖြစ်ရောက်ရှိကာ ယုန်မင်းရဲ့ မိတ်ဆွေသုံးဦးဖြစ်တဲ့ ဖျံ၊ မြေခွေးနဲ့မျောက်တို့ထံသို့ ဦးစွာပထမ သွားရောက်ကာ အလှူခံတော်မူတယ်။

“ဖျံ၊ မြေခွေးနဲ့မျောက်တို့ကလည်း ရှာဖွေရရှိထားပြီး စားရမယ့် အစားအစာတို့ကို လှူဒါန်းကြတာပေ့ါကွယ်”

“ဒီအချိန်က စောပါသေးတယ် နောက်မှပြန်လာပြီး အလှူခံမယ်။ သာဓုပါ သာဓု သာဓု”

ယုန်မင်းရဲ့ လှူဒါန်းမယ့် အကြံအစည်ကို ကြိုသိနေလို့ ပုဏ္ဏားအသွင်ဖန်ဆင်းထားတဲ့ သိကြားမင်းက မိတ်ဆွေသုံးဦးထံက အလှူမခံသေးဘဲ ယုန်မင်းထံသို့ သွားရောက်အလှူခံလေတယ်။

“အလှူခံလာပါတယ်။ အလှူခံလာပါတယ် ဗျို့” “အသင်ပုဏ္ဏားခဏနေဦး”

အသံပေးကာ ယုန်မင်းက ချုံပုတ်ထဲကထွက်လာတဲ့အခါ လှူဒါန်းမယ့်ပစ္စည်းလည်းမတွေ့တာကြောင့် ပုဏ္ဏားက ရှေ့ဆက်သွားမယ့်ဟန်ပြုလိုက်ရာ ယုန်မင်းကချက်ချင်းပင် စကားပြန်ပြောလေတယ်။

“အသင်ပုဏ္ဏား မီးမွှေးပေတော့၊ ငါသည် ခန္ဓာကိုယ်ကိုစွန့်ကာ မီးကျီးထဲသို့ခုန်ဆင်းပြီး ငါ့အသားကို သင့်အားလှူဒါန်းပါမယ်”

“သာဓုပါ သာဓု သာဓု ဒါဆိုရင် မီးမွှေးလိုက်ပါတော့မယ်”

ပုဏ္ဏားအသွင်ဖန်ဆင်းထားတဲ့သိကြားမင်းက မီးမွှေးပြီး မီးကျီးခဲရအောင် လုပ်ဆောင်တော့တာပေ့ါ။ ယုန်မင်းကလည်း ကိုယ်ခန္ဓာကို သန့်စင်လိုက်ပြီး မီးကျီးခဲထဲကို ခုန်ချလိုက်တော့တာပေ့ါကွယ်။

“အို ဘာဖြစ်လို့များ မီးမစွဲလောင်ရတာပါလဲ”

ယုန်မင်းက မီးကျီးခဲထဲကိုခုန်ချလိုက်ပေမယ့် မီးဟာယုန်မင်းရဲ့ အမွေးကိုပင် လောင်မြိုက်မှုမရှိတဲ့အပြင် အေးမြမှုကိုတောင် ဖြစ်စေသတဲ့ကွယ်။

“အသင်ယုန်မင်း ငါဟာ သိကြားမင်းဖြစ်ပေတယ်။ သင့်ရဲ့ ဒါနသီလကိုစုံစမ်းဖို့ လာခြင်းဖြစ်တယ်။ သင့်ရဲ့စွန့်လွှတ်လှူဒါန်းမှုသဒ္ဒါ ဂုဏ်ကျေးဇူးဟာ ကမ္ဘာတည်သမျှ တည်စေသတည်း”

ဘုရားအလောင်းတော်ယုန်မင်းရဲ့ အလှူဒါနကို သိကြားမင်းက အသိအမှတ်ပြုကာ သော်တာလဝန်းမှာ ယုန်ရုပ်ရေးထိုးပြီး နတ်ပြည်ကို ပြန်သွားတော့တာပေ့ါကွယ်။

ဒါနဉ္စ။ “ပေးကမ်းလှူဒါန်းရခြင်း၊ ကုသိုလ်ကောင်းမှုပြုရခြင်း၊ စွန့်ကြဲပေးကမ်းလှူဒါန်းရမယ်” ဆိုတဲ့ အဓိပ္ပာယ်ကိုဖော်ဆောင်တဲ့ မြတ်စွာဘုရားဟောကြားတော်မူရာ ငါးရာ့ငါးဆယ်ဇာတ်တော်လာ မှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့၊ သမီးတို့၊ မောင်တို့၊ မယ်တို့အတွက်သာမက လူတိုင်း လူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် “လိုက်နာကျင့်သုံးရေးမင်္ဂလာ” နည်းနာတွေပေ့ါကွယ်။ ။




# မင်းလှမြို့ အမှတ်(၅)ရပ်ကွက် ဝေဠုဝန်စာသင်တိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တကုဏ္ဍလ (အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မေ ၃

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) မင်းလှမြို့ အမှတ်(၅)ရပ်ကွက် ဝေဠုဝန်စာသင်တိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တကုဏ္ဍလ(အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၈)ဝါအရ ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် (၃-၅-၂၀၂၂) အင်္ဂါနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်သြဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) မင်းလှမြို့ အမှတ်(၅)ရပ်ကွက် ဝေဠုဝန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တကုဏ္ဍလ(အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အောက်ကိုင်းကလေးကျေးရွာတွင် ခမည်းတော် ဦးဖိုးဒေါင်၊ မယ်တော် ဒေါ်ငွေကျင်တို့မှ ၁၂၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၈ ခုနှစ်တွင် မင်းလှမြို့နယ် လက်ဆက်ကျေးရွာ လက်ဆက်ကျောင်းဆရာတော်ဘဒ္ဒန္တစန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၀၅ ခုနှစ် တပေါင်းလဆန်း ၅ ရက်နေ့တွင် မင်းလှမြို့နယ် လက်ဆက်ကျေးရွာ လက်ဆက်ကျောင်းခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ မင်းလှမြို့နယ် ဘွတ်စိန်ကျေးရွာနေ ဦးမောင်ရင်+ ဒေါ်အုန်းကျင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မင်းလှမြို့နယ် လက်ဆက်ကျေးရွာ လက်ဆက်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် စာချဆရာတော်များ၊ မြောင်းမြမြို့ ပဋ္ဌောတာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသနှင့် စာချဆရာတော်များ၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတနှင့် စာချဆရာတော်များ စသည့် ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး **“သာသနဓဇသိရီပဝရဓမ္မာစရိယ”** ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မြောင်းမြမြို့ ပဋ္ဌောတာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့် မင်းလှမြို့ ဝေဠုဝန်စာသင်တိုက်တို့၌ စာသင်သားရဟန်း၊ သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်းနှင့် ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဝင်ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယကဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ရွှေကျင်နိကာယ ဝိနည်းတော်စာပြန်ပွဲများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ တိသရဏကျောင်းတိုက်တွင် သာသနာပြုဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၁၁ ခုနှစ်မှစ၍ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဋ္ဌနဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတစရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၆၈ ခုနှစ်တွင် **“အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ”** ဘွဲ့၊ ၁၃၇၇ ခုနှစ်တွင် **“အဘိဓဇ မဟာရဋ္ဌဂုရု”**ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၈)ဝါအရ ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် (၃-၅-၂၀၂၂) အင်္ဂါနေ့ နံနက် ၉ နာရီ၄၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသီလ သမဝါယမအသင်းက ဆင်းသုခနှင့် သီးထပ်ရင်မျိုးစပါးများ စိုက်ပျိုး

မအူပင် မေ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာရှိ တက္ကသီလစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ အသင်းသားများ ပိုင်ဆိုင်သော လယ်ယာမြေဧက ၁၀၀ ပေါ်တွင် ဆင်းသုခနှင့် သီးထပ်ရင်မျိုးစပါးများကို စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီများရယူကာ စိုက်ပျိုးလျက်ရှိပြီး မျိုးစပါးများ ထွက်ရှိလာပါက တောင်သူများထံသို့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၅၀ စုစုပေါင်း ၈၀၅၇၈ ဒသမ ၂၁ ကီလိုဂရမ်၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီတစ်ခုမှ Disposable Syringe ၂၀၅၅၀၊ Infusion Set ၇၇၆၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-၁၀၉၈၊ ဦးလှဖေလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၁၀၉၈၊ ဧရိယာ (၀.၀၇၄)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အေးအေးမိုး [၁၂/ကမရ(နိုင်)၀၄၀၈၇၆] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဖြိုးမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ်-၁၉/က၊ မြေအကျယ် (၀.၁၂၇၅)ဧက ပေ(၂၀x၆၀)၊ နှစ်(၆၀)မြေငှားဂရန်မြေမျိုး၊ မြေအမည်ပေါက်သူ ဦးကျော်မြင့်ထွန်း(TME-၀၃၇၃၅၈)ထံမှ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်-၅၃၀၅/၂၀၁၅ ဖြင့် ရရှိထားသူ ဦးခင်မောင်အေး[၁၂/တမန(နိုင်)၀၅၇၂၁၆] က ရောင်းချပိုင်ခွင့်ရှိကြောင်း စာရွက်စာတမ်းများ ပြသဝန်ခံပြောဆို၍ ထိုမြေကွက်လွတ်ကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါလျှင် (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်မေစပယ်မြင့် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၆၇)**
**LL.B, D.B.L, D.I.L, D.L.P(WIPO)(Switzerland)**
**အမှတ်-၂၆၃၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၁၈၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်လမ်း၊ အမှတ်(၂၅)ရှိ (၂)ခန်းတွဲ (၈ ဉ) ကွန်ဒိုတိုက်မှ ဒုတိယထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ပေ(၁၃x၆၀) တိုက်ခန်း(၁)ခန်းနှင့် ကိုယ်ပိုင်မီတာ ကိုယ်ပိုင်မော်တာ စွဲကပ်တည်ရှိ အကျိုးခံစားခွင့်များကို ပိုင်ဆိုင်သူ ဒေါ်ဌေးဌေးရီ [၁၂/မဂတ(နိုင်)၀၀၀၆၆၉]ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိပါက စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်မေစပယ်မြင့် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၆၇)**
**LL.B, D.B.L, D.I.L, D.L.P (WIPO) (SWITZERLAND)**
**အမှတ်-၂၆၃၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၀၃၁၈၁၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ရွှေပြည်စိုးလမ်း၊ မြေကွက်အမှတ်(၁၅၀/ခ)၊ မြေအကျယ်အဝန်း (၂၀'x၆၀') (ခြေရင်းခြမ်း) ဂရန်မိတ္တူခြမ်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးကျော်ငြိမ်းထံမှ ယခုရောင်းချသူ ဦးမူနီယန်ဒီ (MTNT-၀၂၀၈၇၇)မှ အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိရွှေဇင်ထွန်း [၁၂/ဒဂမ(နိုင်)၀၃၉၀၀၉]ထံသို့ ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူဒေါ်အိရွှေဇင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သူဇာအောင်** | **ဒေါ်ခင်ပြုံးလှိုင်** |
| **LL.B,D.B.L,D.I.L,WIPO(G.C.I.P Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၇၉/၁၇)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၂၉၉)** |

**T.Z.A Law Firm**
**ရုံး- တိုက်အမှတ်(၂၈၃/၆)၊ ကျောင်းလမ်း၊ သုဝဏ္ဏကျောင်းရှေ့၊ (၂၅)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၃၆၅၄၀၄၀၊ ၀၉- ၇၇၃၁၃၁၄၈၄**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကင်ပွန်းခြံလမ်း၊ အခန်း(၂၀၂)၊ တိုက်(B)၊ အမှတ်(၅၀)၊ (ဒုတိယထပ်) ကြမ်းခင်းဧရိယာ(၉၉၈)စတုရန်းပေ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးဇော်ကြည်ဟန်ထူး [၉/မကန(နိုင်)၁၀၀၆၀၉] အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အဆိုပါ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဦးဖေယျာမျိုးညွန့်[၁၂/ဗဟန(နိုင်)၀၉၃၃၃၀] မှ အပြီးအပိုင်ဝယ်ယူရန် ဦးဇော်ကြည်ဟန်ထူးထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စီစီဝင်း(အထက်တန်းရှေ့နေ)(စဉ်-၂၂၇၃၆)**
**အမှတ်(၁၄၆)၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၂၇၈၂၂၈**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ(၄)လမ်း၊ မြေကွက်အမှတ် - ၅၃၃၊ အိမ်အမှတ် (၉)၊ (၄၀' x ၆၀')၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန် အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါအိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် **ဦးဌေးမြင့် (၇/ရတန (နိုင်) ၀၂၉၆၇၃)**အမည်ဖြင့်တည်ရှိသည့် နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပြီး၊ ၎င်းဂရန်အမည်ပေါက်ထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားပြီး အရှုပ်အရှင်းကင်းရှင်းစွာ လက်ရှိထား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း **ဦးကျော်မောင် (၁၂/စခန (နိုင်) ၀၀၅၀၂၀)**မှ ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအား ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း) အထောက်အထားများ ခိုင်လုံစွာဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဦးဇော်ဝင်းထွေး** (LL.B) | **ဒေါ်နုသန္တာအောင်** (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၅၇) | တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၆၃) |

အမှတ် (၅၀)၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 - 5163299 Ph : 09 - 420055510

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၃၉/က)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆အယ်လ်)၊ မြေကွက်အမှတ်(၁၁၈ အေ ၄/စီ)၊ ဧရိယာ(၀.၂၃၈ ဧက)၊ မြေအမျိုးအစား မြေပိုင်မြေ ဦးခင်မောင်ဦး(ခ)ဦးတိတ်ချွန်း [၁၂/ပဘတ(နိုင်)၀၀၈၀၇၉]မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက် ဦးခင်မောင်ဦး(ခ)ဦးတိတ်ချွန်းသည် (၁၈-၉-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ (၁) ဒေါ်မေပန်ဦး(ခ)အိန်ဂျယ်လာချမ်း[၁၂/ဗဟန(နိုင်) ၀၉၄၉၁၄]၊ (၂) ဦးအောင်လင်းဦး [၁၂/ဗဟန(နိုင်)၀၉၇၈၅၇]၊ (၃)ဒေါ်သဲဟေမာန်ဦး (ခ)ဂျူလီယာချမ်း [၁၂/ဗဟန(နိုင်)၁၀၀၈၇၀]၊ (၄) ဦးဟန်လင်းဦး(ခ)ဟင်နရီချမ်း [၁၂/ဗဟန(နိုင်)၁၀၄၈၆၅]တို့သည် ဖခင် ဦးခင်မောင်ဦး(ခ)တိတ်ချွန်းနှင့် မိခင် ဒေါ်ခင်ဝင်းကြည်(ခ)ဘီဘီးတို့၏သားသမီးများဖြစ်ကြောင်း၊ ၎င်းတို့၏ ဖခင်နှင့်မိခင်တို့သည် ၃၀-၄-၂၀၀၁ ရက်နေ့တွင် နှစ်ဦးသဘောတူလင်မယားကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခန်းခွဲဝေခြင်း ကတိပဋိညာဉ်စာချုပ်အရ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပြီးဖြစ်ကြောင်း၊ ဖခင်နှင့်မိခင်တို့သည် တရားရုံးတော်၌ ပစ္စည်းခန်းခွဲဝေပြီးဖြစ်သဖြင့် သားသမီးများဖြစ်သည့် ၎င်းတို့သာလျှင် ဖခင်ဖြစ်သူ၏အမွေကို ခံစားခွင့်ရှိသူများဖြစ်ကြကြောင်း၊ ၎င်းတို့ မိဘများမှ ကိတ္တိမသားသမီးမွေးစားထားခြင်းလည်းမရှိကြောင်း၊ ၎င်းတို့ဖခင်တွင် အခြားဇနီးမယားများလည်းမရှိကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျိန်ဆိုသည့် (၁၈-၅-၂၀၂၁) ရက်စွဲပါ ဒဂုံမြို့နယ် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ယင်းမြေ၏ မြေငှားဂရန်တို့ကို တင်ပြ၍ ဒေါ်မေပန်ဦး(ခ)အိန်ဂျယ်လာချမ်း၊ ဦးအောင်လင်းဦး၊ ဒေါ်သဲဟေမာန်ဦး(ခ)ဂျူလီယာချမ်း၊ ဦးဟန်လင်းဦး(ခ) ဟင်နရီချမ်းတို့က ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## Myanmar Padauk Trading Co.,Ltd နှင့် အများသိစေရန် ရှင်းလင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၄)လမ်း၊ အမှတ်-၁၆၇ နေ ဦးအောင်စည်သူ [၁၄/ကခန(နိုင်)၀၇၉၇၅၈] Power Net Co., Ltd ကိုယ်စားလှယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းအသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စည်သူသည် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်ရှိ Myanmar Padauk Trading Co.,Ltd မှ Electrical ကြိုးများနှင့် Accessories များကို ၂၀၁၉ခုနှစ်ကပင် ဝယ်ယူအားပေးခဲ့သော Customer ကောင်းတစ်ဦးဖြစ်ပြီး အရစ်ကျဝယ်ယူသော ကုန်ဖိုးငွေကျပ် သိန်း (၁၅၀၀)ကျော်အနက် ကျပ်သိန်း (၁၀၀၀)ကျော်ကို အရစ်ခွဲ၍ ပုံမှန်ပေးသွင်းခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း Covid 19 ကပ်ရောဂါအခြေအနေကြောင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ခြင်းမရှိတော့ဘဲ ရပ်ဆိုင်းသွားခဲ့ပြီး ငွေကြေးအခက်အခဲဖြစ်နေသော်လည်း ကုန်ဖိုးငွေများကို တတ်နိုင်သမျှ ကြိုးစားပေးသွင်းခဲ့ပါသည်။ ကျန်ကုန်ဖိုးငွေများကို အရစ်ခွဲပေးသွင်းမည်ဖြစ်ကြောင်းနှင့် စောင့်ဆိုင်းပေးရန်လည်း မေတ္တာရပ်ခံခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စည်သူသည် ထွက်ပြေးတိမ်းရှောင်ခြင်းလည်းမရှိ၊ မပေးနိုင်တော့ကြောင်းလည်း ငြင်းဆိုခြင်းမရှိ၊ အဆက်အသွယ်ဖြတ်ခဲ့ခြင်းလည်း မရှိပါဘဲလျက် ကုန်ဖိုးငွေ ၄၅,၁၃၆,၉၀၀ိ/- ပေးဆပ်ခြင်းမရှိဘဲ အကြိမ်ကြိမ် ပျက်ကွက်နေကြောင်း Myanmar Padauk Trading Co.,Ltd က ၁၆-၁၂-၂၀၂၁ ရက်ထုတ် ကြေးမုံသတင်းစာမှ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ကြေညာခြင်းမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စည်သူနှင့် Power Net Co., Ltd ၏ဂုဏ်သိက္ခာကို ထိခိုက်စေပြီး အများပြည်သူကလည်း ထင်ယောင်ထင်မှားဖြစ်ခဲ့ပါသည်။ (၃-၂-၂၀၂၂)ရက်တွင် ကျပ်သိန်း (၅၀)ကိုလည်း ထပ်မံပေးသွင်းခဲ့သော်လည်း ကျွန်ုပ်၏မိတ်ဆွေ လုပ်ငန်းလုပ်ဆောင်နေသည့်ဒေသနှင့် အစိုးရဌာနဆိုင်ရာများသို့ သတင်းပေးအကြောင်းကြားခြင်းများ ပြုလုပ်မည်ဟု ဂုဏ်သိက္ခာထိခိုက်စေရန် ပြောဆိုခဲ့ပါသည်။

Myanmar Padauk Trading Co.,Ltd၏ သတင်းစာကြော်ငြာပါအတိုင်း ကုန်ဖိုးငွေ ၄၅,၁၃၆,၉၀၀ိ/- ဖိုးဝယ်ယူပြီး လုံးဝ မပေးသွင်းဘဲ ပျက်ကွက်ခြင်းမဟုတ်ဘဲ ကျန်ငွေသာဖြစ်ပြီး အရစ်ခွဲ၍ ဆက်လက်ပေးသွင်းမည်ဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ကုမ္ပဏီအကျိုးကို ထိခိုက်နစ်နာသမျှ ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအုန်းမောင် (ရန်ကင်း) တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၁၈)**
**အမှတ်-၄၈၈ (မြေညီထပ်)၊ သိမ်ဖြူလမ်း၊ ဗိုလ်မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၂၅၄၃၈၃၂၅၇၊ ၀၉- ၇၉၉၉၀၆၉၀၃**

## ဒေါ်မာမာခင်
## အသက်(၉၆)နှစ်

ပြည်မြို့နေ (ဦးထောဝါး-ဒေါ်မမလေး)၊ ရန်ကုန်မြို့နေ [ဦးဘဖေ(ရာဇဝတ်ဝန်ထောက်)-ဒေါ်ဒေါ်ဝမ်]တို့၏သမီး၊ ဆင်ပေါင်ဝဲမြို့နေ (သမာဓိမြို့ဝန် ဦးစိုး-ဒေါ်ကျင်မိ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ စည်ပင်သာယာလမ်း၊ အမှတ်(၃၅/N) နေ (ဦးဟန်ဝင်း)၏ဇနီး၊ ပြည်မြို့နေ (ဦးဘာဘာ)၏ညီမ၊ ဦးမင်းမော်-ဒေါ်ခင်မေဝင်း (USA)၊ ဦးသင်းဇော်-ဒေါ်ချိုချိုအုန်း၊ ဒေါ်ညိမ်းညိမ်းဝင်း (ဦးစီးအရာရှိ-ငြိမ်း၊ ပျားလုပ်ငန်းဌာန)၊ ဒေါ်အေးအေးဝင်း၊ ဒေါက်တာဝင်းမြင့်-ဒေါ်ခိုင်ခိုင်ဝင်း(USA)တို့၏မိခင်၊ ဦးမျိုးမင်းဝင်း(USA)၊ ဦးအောင်အောင်ဇော်-ဒေါ်အိန္ဒြာဇော်၊ မအဋ္ဌလီဝင်းမြင့် Barnard Columbia University (USA) တို့၏အဘွား၊ မဆုန်လပြည့်ဇော် [Brainworks (TGGN P-4)]၊ Sophia Wee (4 Grade, USA) တို့၏ဘွားဘွားကြီးသည် ၂-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၇:၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၈:၃၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၇၅၄)၊ အေးရိပ်သာ(၅)လမ်းဟုခေါ်တွင်သော အကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀) ပါမစ်မြေကွက်ကြီးအနက် တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်အခြမ်း (ပေ ၂၀ x ပေ ၆၀) မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိအမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြု ရောင်းချသူ ဒေါ်အေးသောင်း [၁၂/အစန(နိုင်)၀၉၃၁၀၆]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး**
**LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း-၀၉- ၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈/U9)၊ မြေကွက်အမှတ်(၂၅၄)၊ မဟာဂန္ဓာရုံလမ်းဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၆၀x၈၀)ရှိ ဒေါ်ရွှေရင် အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက် ဒေါ်ရွှေရင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ မိမိလက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုသူ ဦးမျိုးခိုင်[၁၂/ဗဟန(နိုင်)၀၇၇၂၃၆]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး**
**LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ သူရ(၅)လမ်း၊ မြေကွက်အမှတ် (၁၇၁/ခ)၊ မြေအကျယ်အဝန်း ပေ(၂၀x၆၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးခင်မောင်ဌေး [၁၂/အစန(နိုင်)၁၀၇၃၅၈]၊ ဒေါ်စန္ဒီလွင် [၁၂/အစန (နိုင်)၁၀၇၃၆၀]**တို့ အမည်များဖြင့် ပူးတွဲအမည်ပြောင်းလျှောက်ထားဆဲဖြစ်ပြီး မိမိတို့သာလျှင် တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ မြေကွက်အမှတ်(၃၃/စီ)၊ မြေအကျယ်အဝန်း ပေ(၂၅x၂၂)၊ ညာဘက်ခြမ်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၃)ထပ် BN နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဒေါ်မေကြည်ဦး [၁၄/ဟသတ(နိုင်)၀၄၆၂၄၉]**မှ (၃၀-၁-၂၀၁၆)ရက်စွဲပါ "မြေနှင့်အကျိုးခံစားခွင့်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

## ထပ်တူဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန် ဆွမ်းပဒေသာပင် ဒါယိကာမကြီး**

### ဒေါ်မြစိန်(သရက်)

**အသက်(၉၈)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ငြိမ်း)-ဒေါ်စဝ်နွန်းခွန်ဆမ် တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်မြစိန်သည် ၁-၅-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်အေး [ဒုဝန်ကြီး(ငြိမ်း)]**
**ဒေါ်ညွန့်တင် (အင်/ယာမှူး-ငြိမ်း)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန် ဆွမ်းပဒေသာပင် ဒါယိကာမကြီး**

### ဒေါ်မြစိန်(သရက်)

**အသက်(၉၈)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ငြိမ်း)-ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏ မိခင် ဒေါ်မြစိန်သည် ၁-၅-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်ဌေး- ဇနီး**
**ပြည်နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)**
**ကယားပြည်နယ် ထွေ/အုပ်**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမောင်နီ

**အသက်(၈၄)နှစ်**

သူငယ်ချင်း ဦးသန့်ဇင်၊ ဒေါ်နွဲ့ယဉ်ဒွေးတို့၏ဖခင်ဖြစ်သူ ဦးမောင်နီသည် ၂-၅-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၇) ကျောင်းဆင်းအရာရှိမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ကပ္ပတိန် ဦးဇော်ထွန်း (F.G) (ငြိမ်း)**

(ရေ/၁၁၇၉) (D.S.A -10)

အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သပြေ(၁)လမ်း အမှတ် (၁၁၉)နေ၊ ကပ္ပတိန် ဦးဇော်ထွန်းသည် ၁-၅-၂၀၂၂ ရက်နေ့ (၁၄း၄၅) နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒုသမညီနောင်များ
စစ်တက္ကသိုလ်အမှတ်စဉ် (၁၀)

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးစိုးအောင်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**အသက်(၆၃)နှစ်**

သူငယ်ချင်း ဦးစိုးအောင်သည် ၂၉-၄-၂၀၂၂ (သောကြာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သီဟတပ်ခွဲ**
**သူငယ်ချင်းမိသားစုများ**

## စောလွန်းလှသည်

### ဦးအောင်ခိုင်

**LL.B, Advocateship**

**တရားလွှတ်တော်ရှေ့နေ**

(တရားလွှတ်တော်ရှေ့နေကြီး ဆရာဦးသန်းမောင်)၏ သား၊ တရားလွှတ်တော်ရှေ့နေ ဒေါ်လဲ့လဲ့ရီ၏အစ်ကို၊ တရားလွှတ်တော်ရှေ့နေ ဒေါ်မြင့်မြင့်အေး၏ခင်ပွန်း၊ တရားလွှတ်တော်ရှေ့နေ ဦးအောင်ခိုင်သည် ရောင်းရင်းမိတ်ဆွေ ဥပဒေညီအစ်ကိုမောင်နှမများကို ရုတ်တရက် စွန့်ခွာသွား၍ နှမြောဝမ်းနည်းရပါသည်။

**(တရားလွှတ်တော်ရှေ့နေကြီး ဦးထွန်းဝင်း)၏တပည့်**
**ဦးမြင့် (ဆရာမြင့်)နှင့်အဖွဲ့**
**(၈၃/၈၅) (ကာတာ)၊ ပန်းဆိုးတန်းလမ်း။**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန်၊ ဆွမ်းပဒေသာပင် ဒါယိကာမကြီး**

### ဒေါ်မြစိန် (သရက်)

**အသက် (၉၈) နှစ်**

ဒုတိယဗိုလ်ချုပ်ကြီး ကိုကို(ငြိမ်း) - ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏ ကျေးဇူးကြီးလှစွာသောမိခင်ကြီး ဒေါ်မြစိန်သည် ၁-၅-၂၀၂၂ (တနင်္ဂနွေနေ့) ည ၈:၃၅ နာရီတွင်(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးချုပ် ဝင်းထွန်း-(ဒေါ်မေသန်းနွဲ့)**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်ကြီးထွန်းအောင်(စနေသား)၏မိခင် ဒေါ်ညွန့်ရီ အသက်(၈၃)နှစ်သည် ၂-၅-၂၀၂၂ (တနင်္လာနေ့) တွင် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ(၉၈) ကျောင်းဆင်းသူငယ်ချင်းများ**

## ဒေါ်မိုးမြင့်

**ဗဟိုစာရင်းအင်းရုံး**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် (၆၄)၊ (၄)ထပ်၊ လသာလမ်းနေ (ဦးမျိုးချွန်-ဒေါ်သန်းညွန့်)တို့၏သမီး၊ ဒေါ်ခိုင်အိမ်း၊ (ဦးချူကီး)၊ (ဒေါက်တာဦးသိန်းထွန်း)တို့၏ညီမ၊ ဒေါ်သီတာဇ (မြန်မာ့ကုန်တိုက်)၊ ဦးထွန်းအောင်ကျော်တို့၏ အစ်မ၊ ဒေါ်မာလာ၊ ပါမောက္ခ ဒေါက်တာဒေါ်ကေသီ (မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း ခွဲစိတ်အထူးကုဆေးရုံကြီး၊ နေပြည်တော်)၊ ဦးကျော်သူ၊ ဒေါ်မဉ္ဇူတို့၏ အဒေါ်သည် ၃-၅-၂၀၂၂ ရက် နံနက် ၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းနိုင်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဝါဇီ**

**အသက်(၈၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီးနေ [ဦးဟုတ်ဝမ်(ခ)ဦးကျော်ညွန့်-ဒေါ်ကျင်သုံ] တို့၏သား၊ ဝါဇီနေ (ဦးစံရည်-ဒေါ်သန်းရှင်)တို့၏သားသမက်၊ (ဦးအောင်ခိုင်)-ဒေါ်ခင်သန်းရင်၊ [Dr.သိန်းလှိုင်(နာ၇)-ဒေါ်အုံးအုံး]တို့၏ညီ၊ ဦးထိန်ဝင်း-ဒေါ်နွယ်နွယ်ဝင်း၊ (ဦးမျိုးညွန့်)၊ ဦးဆက်လှိုင်အောင်-ဒေါ်ခင်ဆွေ၊ ဦးအောင်ကျော်-ဒေါ်မျိုးမြင့်သန်း၊ (ဦးသန်းစိုး)၊ ဒေါ်Brenda၊ ဦးဝင်းမော်-ဒေါ်နန်းနေနွယ်တို့၏အစ်ကို၊ အမှတ်(၃၀/၁)၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်ကြင်နု၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးအောင်နိုင်ဦး-Dr.သန္တာ၊ ဦးအေးကျော်-ဒေါ်လွင်မာနိုင်၊ ဦးညီညီနိုင်-ဒေါ်ရွှေစင်မိုး၊ ဦးအောင်ချမ်းဝင်း-ဒေါ်လဲ့လဲ့ဝင်းနိုင်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မစုနှင်းနွယ်၊ မယွန်းမဒီကျော်၊ မောင်သုတနိုင်၊ မချမ်းလဲ့ဝသုန်၊ မချမ်းလဲ့ဝဿန်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးဝင်းနိုင်သည် ၂-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၅၀ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို ၄-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ကျူးချောင် သုသာန်(ရွှေပြည်သာ)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား ညှိုးငယ်သော စိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်၌ ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါသောကြောင့် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါက်တာ ဒေါ်ခင်စောရီ

**(ဒု-ညွှန်မှူး-ငြိမ်း၊ လုပ်ငန်းခွင် ကျန်းမာရေးဦးစီးဌာန)**

**အသက်(၇၂)နှစ်**

တောင်ငူမြို့နေ (ဦးသောင်းဖေ-ဒေါ်သန်းတင်)တို့၏ သမီးထွေး၊ ရန်ကုန်မြို့၊ အမှတ်(၃၄၂)၊ ယင်းမာမြိုင်လမ်း၊ သုဝဏ္ဏနေ ဒေါက်တာ ဦးထွန်းမြင့် (ရောဂါဗေဒဆရာဝန်ကြီး-ငြိမ်း)၏ဇနီး၊ (ဒေါ်အေးရီ)၊ (ဒေါ်ညွန့်ရီ)၊ ဦးထွန်းသိန်း၊ ဦးစိုးနောင်၊ ဒေါ်နှင်းဆီ၊ (ဒေါ်ခင်စိုးရီ)၊ ဒေါက်တာအေးလွင်(USA)တို့၏ညီမ၊ ဒေါက်တာအေးမြထွန်း၊ မောင်ဝေလင်းထွန်း-မမီမီဇင်မျိုးတို့၏မွေးသမိခင်၊ မောင်အောင်ဖုန်းမိုရ်၏ အဘွား ဒေါက်တာဒေါ်ခင်စောရီသည် ၂-၅-၂၀၂၂ ရက် ညနေ ၆:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃-၅-၂၀၂၂ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးအေးသီ (ခ) ဒေါ်အုန်းရီ (မြိတ်မြို့)

**အသက် (၈၆)နှစ်**

မြိတ်မြို့နေ (ဦးဟုန်ဘီး-ဒေါ်ခင်သီ)တို့၏ သမီးကြီး၊ (ဦးနန်းညွန့်-ဒေါ်ခင်ခင်စိန်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ စိန်ရတီလမ်း၊ ခြံအမှတ်(၁၄၀)နေ ပါမောက္ခ ဒေါက်တာ ဦးနန်းရှိန်၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာဦးကျော်သိန်း-ဒေါ်နန်းဥမ္မာရီ၊ ဒေါက်တာ ဦးကိုကိုစိုး-ဒေါ်မိုးမိုးဥမ္မာသီ၊ ဦးခန့်စိုး-ဒေါ်နန်းသူဇာရီတို့၏ ချစ်လှစွာသောမိခင်၊ မောင်ပေါ်မင်းသိမ်း-မနန်းရတနာသိန်း၊ မောင်မင်းနန်းခန့်၊ မနန်းစန္ဒီစိုးတို့၏ ချစ်လှစွာသောအဘွား၊ မနန်းဟေဇယ်မင်း၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်အေးအေးသီ(ခ) ဒေါ်အုန်းရီသည် ၃-၅-၂၀၂၂ ရက် နံနက် ၁၀:၂၄ နာရီတွင် နေအိမ်၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၂ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှစိုး

**မော်လမြိုင်၊ ဘီလူးကျွန်း**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးအိမ်ရာ၊ အမှတ်(၂၉/၁၀၇)နေ [ဒုတိယဗိုလ်မှူးကြီးသန်းညွန့်၊ ဒုတိယဝန်ကြီး(ငြိမ်း) ပြည်ထဲရေးဝန်ကြီးဌာန]၏ ချစ်လှစွာသောဇနီး၊ ဦးစိုးညွန့်နိုင်-ဒေါ်ခိုင်ဝါဝင်း၊ ဦးစိုးညွန့်ခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်သီဟနိုင်၊ မောင်စည်သူနိုင်တို့၏အဘွား ဒေါ်လှလှစိုးသည် ၂-၅-၂၀၂၂ (တနင်္လာနေ့) ည ၇:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူးချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဝမ်းနည်းစွာဖြင့် ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပြီး သုသာန်ခန်းမ(၁)၌ နံနက် ၁၁ နာရီတွင် သရဏဂုံတင်ပြီး မီးသင်္ဂြိုဟ်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးခိုင်မြတ်ကျော်(မော်ကျွန်း)

**ညွှန်ကြားရေးမှူး(ငြိမ်း)စားသုံးသူရေးရာဦးစီးဌာန**
**အကြံပေးအရာရှိ(MITS)**

**အသက်(၆၃)နှစ်**

မော်လမြိုင်ကျွန်းမြို့နေ [ဦးထင်ကျော် (ကုန်သွယ်လယ်ယာ၊ ငွေစာရင်းမန်နေဂျာ-ငြိမ်း)]-ဒေါ်သောင်းမေတို့၏ သားကြီး၊ (ဦးမြင့်သန်း-ဒေါ်သိန်းမြင့်)တို့၏သားသမက်၊ မော်လမြိုင်ကျွန်းမြို့နေ ဦးစိုးထွန်းကျော်-ဒေါ်ကေသွယ်မိုး၊ (ဦးခင်မောင်ကျော်)-ဒေါ်ခင်အေးမြင့်၊ ရန်ကုန်မြို့နေ (ဦးတင်အုန်း)-ဒေါ်ပပကျော်၊ ဦးကျော်ဆန်းကျော်-ဒေါ်စတယ်လာသောင်းတို့၏အစ်ကိုကြီး၊ မခိုင်မွန်ကျော်၊ ဒေါက်တာခန့်ခန့်စုကျော်တို့၏ဖခင်၊ ဒေါ်မြမြသောင်း (သမဦးစီး-ငြိမ်း)၏ ခင်ပွန်း ဦးခိုင်မြတ်ကျော်သည် ၂-၅-၂၀၂၂ (တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၂ ရက် ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန် အချက်များ**

- အရိပ်ရ၍အေးမြသောနေရာများတွင်သာနေပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ။
- ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန် အချက်များ**

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော့်ရဲ့ အမျိုးသားရေးရည်မှန်းချက် ၂ ခုရှိပါတယ်။**

**၁။ နိုင်ငံတော်ကြီး သာယာဝပြောရေး**

**၂။ တိုင်းပြည် စားရေရိက္ခာပေါများရေးတို့ ဖြစ်ပါတယ်။**

**ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာစွာနဲ့ လူတိုင်းလူတိုင်း ကိုယ်စိတ်ချမ်းသာစွာနဲ့ လုပ်ကိုင်စားသောက်နိုင်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရပါမယ်။**

**မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်များ အသုံးချပြီး တိုင်းသူပြည်သားအားလုံးအတွက် စားရေရိက္ခာ မပူမပင်မကြောင့်မကြ ပြည့်စုံနေအောင် ဆောင်ရွက်ရေးပဲဖြစ်ပါတယ်။**

**တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲရှိပါတယ်။ ပြည်သူလူထုရဲ့စွမ်းအားနဲ့ အကောင်းဆုံးဖြစ်အောင် ကျွန်တော်ကြိုးစားသွားပါမယ်။ အောင်မြင်မယ်လို့လည်း အပြည့်အဝယုံကြည်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏
မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားခဲ့သည့်
မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

## ရေစကြိုမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က လက်လုပ်လက်နက်ကြီးဖြင့် ကျေးရွာအတွင်းသို့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူနေအိမ်တစ်လုံး ထိမှန်ပေါက်ကွဲခဲ့၍ အမျိုးသမီး တစ်ဦးနှင့် ကလေးငယ် တစ်ဦးတို့ သေဆုံးကာ အမျိုးသမီး နှစ်ဦး ဒဏ်ရာရ

နေပြည်တော် မေ ၃

နိုင်ငံရေးအစွန်းရောက် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ဒေသန္တရ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများ အသုံးပြု၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများကို မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြု၍ မြို့/ရွာများအတွင်းသို့ အဆင်အခြင်မဲ့ရက်စက်စွာ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ မေ ၂ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်သာစံပြကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့၏ လက်လုပ်လက်နက်ကြီးဖြင့် ကျေးရွာအတွင်းသို့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူနေအိမ်တစ်လုံး ထိမှန်ပေါက်ကွဲခဲ့၍ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ သေဆုံးကာ အမျိုးသမီး နှစ်ဦး ဒဏ်ရာရခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ❐

## MRTV Media Worldwide Mobile Satellite Data Application Service, MRTV App & Web ဖွင့်လှစ်ခြင်းအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Online Media တစ်ခုဖြစ်သည့် MRTV Media Mobile Application (MRTV App & Web)စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် MICC-2 ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါနေ့ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်မှစတင်၍ MRTV HD၊ MRTV News၊ MRTV-NRC၊ MITV၊ မြန်မာ့အသံရေဒီယို၊ Myanma Radio (FM Channel-အင်္ဂလိပ်ပိုင်းအစီအစဉ်) နှင့် MRTV App & Web တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် တောင်ကိုရီးယား ယူ-၂၀ အသင်း ထပ်မံခြေစမ်း

ရန်ကုန် မေ ၃

(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် တောင်ကိုရီးယားနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် မေ ၃ ရက်က တောင်ကိုရီးယား ယူ-၂၀ အမျိုးသမီးအသင်းနှင့် ထပ်မံခြေစမ်းကစားခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် တောင်ကိုရီးယား ယူ-၂၀ အသင်းကို ပထမပွဲရလဒ်အတိုင်း သုံးဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် ဦးတင်မြင့်အောင်သည် ယခင်ခြေစမ်းပွဲနှစ်ပွဲတွင် အသုံးပြုခဲ့သည့် မတူညီသည့် ပွဲထွက်လူစာရင်းကို အသုံးပြုခဲ့ပြီး မေဇင်နွယ်(ဂိုး)၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ နန်းရှုရှုးထက်၊ ခိုင်သဇင်၊ ခင်မိုမိုထွန်း၊

**စာမျက်နှာ ၁၈ ကော်လံ ၄ သို့** ◆


မြန်မာအမျိုးသမီးအသင်းနှင့် တောင်ကိုရီးယား ယူ-၂၀ အမျိုးသမီးအသင်း ယှဉ်ပြိုင်စဉ်။

## မြန်မာအမျိုးသားဘောလုံးအသင်း ကစားသမားအစုံအလင်ဖြင့် ဗီယက်နမ်နိုင်ငံ၌ စတင်လေ့ကျင့်

ရန်ကုန် မေ ၃

မြန်မာအမျိုးသား ဘောလုံးအသင်းသည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ကျင်းပမည့် ဗီယက်နမ်နိုင်ငံ၌ မေ ၃ ရက်မှစ၍ ကစားသမားအစုံအလင်ဖြင့် လေ့ကျင့်လျက်ရှိသည်။

မြန်မာအမျိုးသား ဘောလုံးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ မေ ၁ ရက်တွင် ရောက်ရှိခဲ့ပြီး ပြည်ပကလပ်အသင်းများတွင် ကစားနေသည့်

**စာမျက်နှာ ၁၈ ကော်လံ ၄ သို့** ✻


မြန်မာအမျိုးသားဘောလုံးအသင်း ဗီယက်နမ်နိုင်ငံ၌ လေ့ကျင့်နေစဉ်။

**ယနေ့** ဖတ်စရာ

**မွန်ဂိုလီးယား၌ ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောနှင့် စိုက်ပျိုးမြေ ၈၈၉၉၉၃ ဟက်တာ ပျက်စီး**



စာမျက်နှာ » ၁၃

**ယဉ်ကျေးလိမ္မာ စာပဒေသာ**

စာမျက်နှာ » ၂၀၊ ၂၁

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၁၉